# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၅၇)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ သဝဏ်လွှာပေးပို့

# ပြည့်စုံကြွယ်ဝလှသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏အနှစ်သာရများကို စုစည်းပေါင်းစပ်ပြီး ခေတ်မီပညာရပ်များဖြင့် စံချိန်စံညွှန်းများဖော်ထုတ်

# အမျိုးသားတိုင်းရင်းဆေးပညာရပ်တစ်ခုအဖြစ် မြှင့်တင်နိုင်ရေးဝိုင်းဝန်းကြိုးပမ်း

# အနောက်တိုင်းဆေးပညာဖြင့် ကုသ၍မပျောက်ကင်းနိုင်သောရောဂါများအတွက် ထိရောက်သည့်တိုင်းရင်းဆေးဝါးများနှင့် ကုထုံးများဖော်ထုတ်မြှင့်တင်

ရန်ကုန် နိုဝင်ဘာ ၂၅

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ကျင်းပသည့် သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ သဝဏ်လွှာပေးပို့သည်။**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ဂုဏ်ဒြပ်တစ်ရပ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာ တိုးတက်မြင့်မားရေးအတွက် မွန်မြတ်သောရည်ရွယ်ချက်များဖြင့် နှစ်စဉ်မပျက် ကျင်းပလျက်ရှိသော မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ယခင်အစဉ်အလာကောင်းများနှင့်အညီ သတ္တမအကြိမ်မြောက် အောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် ဂုဏ်ပြုကြိုဆိုပါကြောင်း ဦးစွာပထမ ဖော်ပြလိုပါသည်။ ဤသို့သောကောင်းမြတ်သည့် မင်္ဂလာအခါသမယတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ ကိုယ်စိတ်နှစ်ပါး ကြည်လင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ **စာမျက်နှာ ၃ ကော်လံ ၁** ●

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံတွင် ပြသထားသော တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများ၏ တိုင်းရင်းဆေးပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (မြန်မာ့အလင်း)

# နိုင်ငံတကာစံချိန်မီ မြန်မာ့တိုင်းရင်းဆေးဝါးများ တိုးပွားလာအောင်စွမ်းဆောင် အာနိသင်ထက်မြက်သည့်ဆေးဝါးနှင့် ဆေးကျမ်းများ၏ အဆီအနှစ်များစုစည်း အမျိုးသားအမွေအနှစ်ပညာရပ်အဖြစ် ဖြစ်ထွန်းလာအောင် စုပေါင်းစွမ်းအားဖြင့်အားထုတ်



**ရန်ကုန် နိုဝင်ဘာ ၂၅**

သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပင်မခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သဝဏ်လွှာပေးပို့ပြီး အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

## တက်ရောက်

အဆိုပါ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်းမှ တာဝန်ရှိသူများ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ ညီလာခံကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးဝါး စစ်ဆေးရေးဗဟိုကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ **စာမျက်နှာ ၈ ကော်လံ ၁** ✻

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

# လွတ်လပ်ရေးနေ့ အခမ်းအနားများ နိုင်ငံရေးအနှစ်သာရရှိရှိကျင်းပ

ကိုလိုနီနယ်ချဲ့တို့သည် ၁၈၂၄ခုနှစ်၊ ၁၈၅၂ခုနှစ်နှင့် ၁၈၈၅ခုနှစ်တို့တွင် ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲ၍ မြန်မာနိုင်ငံကို မတရားသိမ်းပိုက်ခဲ့ကြသဖြင့် သူ့ကျွန်ဘဝတွင် နှစ်ပေါင်းတစ်ရာကျော် နေထိုင်ခဲ့ရသည်။ ကိုလိုနီနယ်ချဲ့တို့၏ သွေးစုပ်ခြယ်လှယ်မှု၊ ဖိနှိပ်ချုပ်ခြယ်မှုအဖုံဖုံကို တိုင်းရင်းသားပြည်သူတို့ ခါးစည်းခံခဲ့ရသည်။

မြန်မာတို့၏ တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ရှုပ်ရှုပ်ချွံချွံ တွန်းလှန်မောင်းထုတ်နိုင်ခဲ့ခြင်းကြောင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် နယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့သည်။

လွတ်လပ်ရေးသည် အမှုမဲ့အမှတ်မဲ့နေလျှင် တစ်ခဏချင်း ဆုံးရှုံးသွားနိုင်သော်လည်း ဆုံးရှုံးသွားသည့် လွတ်လပ်ရေးကို ပြန်လည်ရရှိနိုင်ရန် အသက်ပေါင်းမြောက်မြားစွာ စတေးပြီး နှစ်ကာလကြာရှည်စွာ ကြိုးပမ်းမှသာ ရရှိခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေး၏အနှစ်သာရနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၏တန်ဖိုးကို ပြည်သူတစ်ရပ်လုံးနှင့် အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ သိရှိနားလည်ပြီး ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရေးအတွက် နိုင်ငံတော်က လွတ်လပ်ရေးနေ့ အခမ်းအနားများကို နှစ်စဉ်မပျက် ကျင်းပပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများကို နိုင်ငံရေးအနှစ်သာရ ရှိရှိဖြင့် အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် **(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊ (ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ (ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ (ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး** ဟူသော အမျိုးသားရေးဦးတည်ချက်(၄)ရပ်ကို ချမှတ်ပေးခဲ့သည်။

နိုင်ငံတော်တစ်ဝန်းလုံးရှိ မြို့နယ်တိုင်းတွင် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များနှင့် စပ်လျဉ်းသည့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ၊ ဉာဏ်စမ်းပဟေဠိ ဖြေဆိုပွဲများ၊ မြို့နယ်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအလိုက် အားကစားပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ပြပွဲပြိုင်ပွဲများကို ကျယ်ပြန့်စွာ ကျင်းပသွားမည်ဖြစ်သည်။

အကြိုဟောပြောပွဲများ၊ ပြိုင်ပွဲများကျင်းပရာတွင် အမျိုးသားရေးဦးတည်ချက်များကို အခြေခံ၍ နိုင်ငံတော်လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းစဉ်ကို နိုင်ငံသားတိုင်းသတိတရရှိစေရေး လှုပ်ရှားဆောင်ရွက်သွားရန် လိုပေသည်။

၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားများကို တစ်ပြည်လုံးတွင် နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် စည်ကားခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့က တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြမည်ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အင်ဒိုနီးရှား၌ နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်မှု ရုရှားအကူအညီပေးမည်

ဂျကာတာ နိုဝင်ဘာ ၂၅

**ရုရှားအစိုးရသည် အင်ဒိုနီးရှားနိုင်ငံက တည်ဆောက်နေသော ပထမဆုံးနျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်နေမှုကို ကူညီပေးရန် စိတ်အားထက်သန်နေကြောင်း စွမ်းအင်သစ် အရင်းအမြစ်ဌာနမှ သံတမန်တစ်ဦးက ဂျကာတာမြို့၌ နိုဝင်ဘာ ၂၃ရက်က ပြောကြားလိုက်သည်။**

ရုရှားနိုင်ငံအနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ပထမဆုံးသော နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်နေမှုကို ပါဝင်ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း အင်ဒိုနီးရှားဆိုင်ရာ ရုရှားသံအမတ်ကြီး မီးဆေးလ်ဘီလီက ပြောကြားသည်ကို ဒီတက်ကွန်းသတင်းဝက်ဘ်ဆိုက်က ကိုးကားဖော်ပြသည်။

### အဓိကဆွေးနွေး

နျူကလီးယားစွမ်းအင်စက်ရုံ တည်ဆောက်ရေးပူးပေါင်းဆောင်ရွက်မှုသည် အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ ဒီဇင်ဘာ၁ရက်တွင် မော်စကိုမြို့၌တွေ့ဆုံရန် စီစဉ်ထားရာ အဓိကဆွေးနွေးမည့် အကြောင်းအရာများထဲမှ တစ်ခုဖြစ် လာလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့သည် တိုင်းတာလေ့လာမှုများ ပြုလုပ်ပြီး မည်သို့ နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်မည်ကို အသိပေးသွားမည်ဖြစ်ကြောင်း၊ ဆူဆီလိုနှင့်ပူတင်တို့သည် စစ်ရေးပူးပေါင်းဆောင်ရွက်မှုကိုလည်းဆွေးနွေးမည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံက အင်ဒိုနီးရှားနိုင်ငံသို့ အမေရိကန်ဒေါ်လာ တစ်ဘီလီယံဖိုးလက်နက်များ အကြွေးရောင်းချရန်လည်း ကမ်းလှမ်းမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

### မှာယူထား

မီဒီယာများ၏အဆိုအရ အင်ဒိုနီးရှားနိုင်ငံသည် အဆိုပါအကြွေးငွေဖြင့် ကုန်တင်ရဟတ်ယာဉ်ငါးစင်း၊ တိုက်ခိုက်ရေး ရဟတ်ယာဉ် လေးစင်း၊ ရေငုပ်သင်္ဘောနှစ်စီးနှင့် တိုက်ခိုက်ရေး ရဟတ်ယာဉ်ခြောက်စင်း မှာယူထားကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## အစ္စရေးနယ်စပ်၌ ဒုံးပျံကာကွယ်ရေးစနစ် ထားရှိမည်

**ဂျေရုဆလမ် နိုဝင်ဘာ ၂၅**

အစ္စရေးနိုင်ငံသည် ဂါဇာကမ်းမြောင်နယ်စပ်ဒေသများတွင် ဒုံးပျံကာကွယ်ရေးစနစ်ထားရှိရေး နှစ်ပတ်အတွင်း ဆုံးဖြတ်ချက်ချနိုင်လိမ့်မည် ဖြစ်ကြောင်း အစ္စရေးဒုတိယကာကွယ်ရေး ဝန်ကြီး အီဖရိန်စနပ်က နိုဝင်ဘာ၂၂ ရက်မွန်းလွဲပိုင်းကပြောကြားခဲ့သည်ကို အစ္စရေးသတင်းစာ ဂျေရုဆလမ်ပို့စ်က ၎င်း၏ဝက်ဘ်ဆိုက်တွင် ထုတ်လွှင့်ထားသည်။

### ပြောကြား

အစ္စရေးအစိုးရအနေဖြင့် ပြည်တွင်းပြည်ပ နှစ်ခုလုံးတွင် တပ်ဆင်ထုတ်လုပ်ထားသော စနစ်လေးမျိုးကို စမ်းသပ်စစ်ဆေးနေကြောင်း၊ သို့သော်လည်း ယခုအထိ အဆင်ပြေမှုမရှိသေးကြောင်း စနက်က ပြောကြားသည်။

### ကြေညာ

အစ္စရေးတောင်ပိုင်း မြို့တစ်မြို့ဖြစ်သော စဒါရော့ရှိ စက်ရုံတစ်ရုံကို ဒုံးကျည်တစ်စင်း ထိမှန်ခဲ့ပြီး နာရီပိုင်းအကြာ အဆိုပါ ဒုတိယကာကွယ်ရေးဝန်ကြီးက အထက်ပါအတိုင်း ကြေညာလိုက်ခြင်းဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ဗုဒ္ဓဟူးနေ့ကို အားလပ်ရက်အဖြစ် နီပေါအစိုးရကြေညာ

**ခတ္တမန္ဒူ နိုဝင်ဘာ ၂၅**

နီပေါနိုင်ငံ၌ ၁၁ နှစ်ကြာ လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းပပျောက်သည့် အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဟူးနေ့ကို ပြည်သူ့အားလပ်ရက်အဖြစ် နီပေါအစိုးရက နိုဝင်ဘာ၂၂ရက်က ကြေညာလိုက်သည်။

### ကြေညာ

နီပေါအစိုးရနှင့် နီပေါကွန်မြူနစ်ပါတီ(စီပီအင်န်)တို့သည် နိုဝင်ဘာ ၂၁ ရက်က ငြိမ်းချမ်းရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး နိုင်ငံအတွင်း ပဋိပက္ခချုပ်ငြိမ်းသွားပြီဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆိုပါ ပြည်သူ့အားလပ်ရက်နေ့တွင် အစိုးရရုံးများနှင့် ပညာရေးကျောင်းများ အားလုံးပိတ်ထားမည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြဝတီရုပ်မြင်သံကြား

**၂၆-၁၁-၂၀၀၆**
**(တနင်္ဂနွေနေ့)**

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၂၅ | ၅။ | မြန်မာ့သံစဉ်ချိုနားဝင် |
| ၇း၃၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၄၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၀ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | ဆရာတော် ဦးဃောသိတ တရားတော် အမှောင်ငါးစင်းအလင်းငါးချက် |

### နေ့လယ်ပိုင်း

| | | |
|---|---|---|
| ၁၂း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂း၂၀ | ၄။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၂း၃၀ | ၅။ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **“အမှတ်မထင်”** |
| ၁၃း၅၀ | ၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၂၀ | ၄။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄း၃၀ | ၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄း၄၀ | ၆။ | ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၀၀ | ၈။ | သံစဉ်များနှင့်ကမ္ဘာ |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၀ | ၁၃။ | လျှပ်တစ်ပြက် |
| ၆း၄၅ | ၁၄။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၇း၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လွမ်းမပြေ”** (အပိုင်း-၂၁) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | ပဟေဠိနန်းတော် |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | English Premier League - Manchester United Vs Chelsea |

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၆-၁၁-၂၀၀၆ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | အမျိုးသမီး ရုပ်သေးကြိုးဆွဲပညာရှင်နှင့်တွေ့ဆုံခြင်း |
| ၇း၃၅ | တေးဂီတအစီအစဉ် |
| ၇း၄၀ | Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ကိုကို(စက်မှုတက္ကသိုလ်)] |
| ၈း၃၅ | တေးဂီတအစီအစဉ် |
| ၈း၄၀ | သီးနှံစိုက်ပျိုးအထွက်တိုး (ခြံစည်းရိုးကြက်ဆူပင်) |
| ၈း၅၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၉း၁၅ | တေးဂီတအစီအစဉ် |
| ၉း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀ | ကုန်သွယ်စီးပွားနိုင်ငံအား (ကုန်သွယ်မှု၏အားထားရာ ဆိပ်ကမ်းသီလဝါ) |
| ၉း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၅ | ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့ |
| ၁၀း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ | Music Gallery (The Ants-ပထမ၊ ဒုတိယ၊ တတိယ) |
| ၁၀း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၀ | စွန့်ပစ်ပစ္စည်းအကျိုးရှိစေမှာ ဓိဝဓာတ်ငွေ့ပေါင်းအိုးပါ |
| ၁၁း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ | တောင်ပေါ်လက်ဖက် နတ်သစ်ရွက် |
| ၁၁း၃၀ | တေးဂီတအစီအစဉ် |
| ၁၁း၃၅ | စည်းကမ်းလိုက်နာ ဘေးကင်းကွာ |
| ၁၁း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၅ | ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင် |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

### English Premier League ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၀၀ | ပွဲကြိုသုံးသပ်ချက်(၁) | 5-Sports |
| ၇း၃၀ | ပွဲကြိုသုံးသပ်ချက်(၂) | 5-Sports(Live) |
| ၇း၅၅ | Newcastle-Portsmouth | 5-Sports(Live) |
| ၉း၂၄ | Tottenham-Wigan | 5-Series(Live) |
| ၁၀း၂၅ | Man Utd-Chelsea | 5-Sports(Live) |

### Series A ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | Palermo-Inter Milan | 5-Sports(Live) |

# အစွမ်းထက်တိုင်းရင်းဆေးဝါးများ၏ အာနိသင်နှင့် စံချိန်စံညွှန်းများကို သုတေသနပြု ဖော်ထုတ်မှတ်တမ်းတင် နိုင်ငံအတွင်းအဖြစ်များသော ရောဂါများအတွက် အာနိသင်ထက်မြက်သော တိုင်းရင်းဆေးဝါးများ ထုတ်လုပ်

● ရှေ့ဖုံးမှ

## အကျိုးရလဒ်ကောင်းများဖြစ်ပေါ်

ယခုကဲ့သို့ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံများတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မြန်မာ့တိုင်းရင်းဆေးသမားတော်များ စုံညီစွာ စုစည်းပေါင်းဆုံလျက် မြန်မာ့တိုင်းရင်းဆေးပညာ အရှည်တည်တံ့ထွန်းကားပြန့်ပွားရေး၊ နှုန်းမီစံကိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများအား မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပိုမိုထိရောက် ကျယ်ပြန့်စွာ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးတို့အတွက် နှလုံးစိတ်ဝမ်းညီမျှစွာဖြင့် ပညာရပ်များ ဆွေးနွေးဖလှယ်နိုင်ကြခြင်းသည် မြန်မာ့တိုင်းရင်းဆေးပညာလောကအတွက်သာမက နိုင်ငံတော်နှင့် ပြည်သူများအတွက်ပါ ထူးခြားကောင်းမွန်သည့် အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်စေမည်မှာ မလွဲဧကန်ပင် ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ ရေ မြေ သဘာဝ၊ ရာသီဥတု၊ မြန်မာ့ရိုးရာ အတွေးအခေါ် အယူအဆ၊ မြန်မာ့လူနေမှုစနစ်တို့နှင့် အပြန်အလှန်အကျိုးပြု ယှဉ်တွဲဖြစ်ထွန်းလာခဲ့သည့် မြန်မာ့ရိုးရာအမွေအနှစ် ပညာရပ်စစ်စစ်တစ်ရပ် ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာလူမျိုးများကို ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ထက်မြက် မြင့်မားသော လူမျိုးများဖြစ်လာစေရအောင် သမိုင်းအစဉ်အဆက် စောင့်ရှောက်မြှင့်တင်ပေးလာခဲ့သည့် အစွမ်းထက်မြက်သော ဆေးပညာရပ်တစ်ခုလည်း ဖြစ်ပါသည်။

## အလေးထားအားပေးစောင့်ရှောက်

သို့ဖြစ်သည်နှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာ့တိုင်းရင်းဆေးပညာကို ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ်ဖြင့်သော်လည်းကောင်း၊ တိုင်းရင်းသားပြည်သူများကို ကျန်းမာရေးအပြည့်အဝ စောင့်ရှောက်မှုပေးနိုင်သည့် ဆေးပညာရပ်တစ်ခုအဖြစ်ဖြင့်သော်လည်းကောင်း၊ အဓွန့်ရှည်တည်တံ့ခိုင်မြဲပြီး နည်းလမ်းတကျ ဆက်လက်တိုးတက်ထွန်းကားစေရအောင် အလေးထားအားပေး စောင့်ရှောက်နေခြင်း ဖြစ်ပါသည်။

**"အာရောဂျံ ပရမံ လာဘံ"** ကျန်းမာခြင်းသည် လာဘ်တစ်ပါးပင်ဖြစ်ရာ ကျန်းမာကြံ့ခိုင်သော ပြည်သူတို့ကသာလျှင် နိုင်ငံ့အကျိုးစီးပွားကို ထိရောက်စွာ ဖော်ဆောင်မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"** ဟူသော လူမှုရေးဦးတည်ချက်နှင့်အညီ အမျိုးသားကျန်းမာရေးစီမံကိန်းများ ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းမြှင့်တင်ရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူတို့အား ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်ရေးတို့ကို အမျိုးသားကျန်းမာရေးဆိုင်ရာ မူဝါဒတစ်ရပ်အဖြစ် ထည့်သွင်းသတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

## စနစ်တကျထိန်းသိမ်းစောင့်ရှောက်

မြန်မာ့တိုင်းရင်းဆေးပညာသည် အခြေခံဆေးပညာရပ်အမျိုးမျိုး၊ ဆေးကျမ်းအဖုံဖုံ၊ ကုထုံးကုနည်းအသွယ်သွယ်၊ အာနိသင်ထက်မြက်သည့် ဆေးဝါးအရပ်ရပ်တို့ဖြင့် ပြည့်စုံကုံလုံပြီး ကျယ်ဝန်းနက်ရှိုင်း သိမ်မွေ့နက်နဲလှသည့် ပညာရပ်တစ်ခုဖြစ်ရာ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနိုင်မှသာလျှင် မတိမ်းပါး မပျက်ယွင်းဘဲ အရှည်တည်တံ့ ထွန်းကားပြန့်ပွားနိုင်မည် ဖြစ်ပါသည်။

ဤသို့ ပြည့်စုံကြွယ်ဝလှသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ အနှစ်သာရအထွေထွေကို စုစည်းပေါင်းစပ်လျက် ခေတ်မီနည်းပညာရပ်များဖြင့် စံချိန်စံညွှန်းများဖော်ထုတ်ကာ ပြီးပြည့်စုံသည့် အမျိုးသားတိုင်းရင်းဆေးပညာရပ်တစ်ခုအဖြစ် မြှင့်တင်ပေးနိုင်ရေးအတွက် ဝိုင်းဝန်းအားထုတ်ကြရန် လိုအပ်ပါသည်။

## သုတေသနပြုဖော်ထုတ်

ယင်းမျှော်မှန်းချက်များနှင့်အညီ စံချိန်စံညွှန်းကိုက်ညီပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် မြန်မာ့တိုင်းရင်းဆေးဝါးများထုတ်လုပ်သည့် ပုဂ္ဂလိက ခေတ်မီတိုင်းရင်းဆေးထုတ်လုပ်မှုလုပ်ငန်းကြီးများ တိုးတက်ဖြစ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရက စောင့်ရှောက်အားပေးလျက်ရှိသည့်အပြင် နိုင်ငံတော်အစိုးရ ဆေးသုတေသနဌာနများကလည်း အစွမ်းထက် တိုင်းရင်းဆေးဝါးများ၏ အာနိသင်နှင့် စံချိန်စံညွှန်းများကို သုတေသနပြုဖော်ထုတ်မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော်အတွင်း အဖြစ်များသော ရောဂါများအတွက် အာနိသင်ထက်မြက်သော တိုင်းရင်းဆေးဝါးများ သုတေသနပြု ထုတ်လုပ်ခြင်း၊ ပရဆေးဥယျာဉ်များထူထောင်ပြီး ဆေးဖက်ဝင် ပရဆေးပင်များထိန်းသိမ်းခြင်း၊ အနောက်တိုင်းဆေးပညာဖြင့် ကုသ၍မပျောက်ကင်းနိုင်သော ရောဂါများအတွက် ထိရောက်သည့်တိုင်းရင်းဆေးဝါးများနှင့် ကုထုံးများ ဖော်ထုတ်မြှင့်တင်ခြင်း၊ အနောက်တိုင်းဆေးပညာနှင့် မြန်မာ့တိုင်းရင်းဆေးပညာ ပေါင်းစပ်ကုသခြင်း စသည့် တိုင်းရင်းဆေးပညာ သိပ္ပံနည်းကျ တိုးတက်ဖြစ်ထွန်းရေး အစီအမံများကို အားပေးဆောင်ရွက်လျက် ရှိပါသည်။

ထို့အပြင် ဆေးကျမ်းအထွေထွေ၊ ဆေးပညာအရပ်ရပ် နှံ့စပ်ကျွမ်းကျင်သော သမားတော်ကြီးများ ပြန်လည်ဖော်ထုတ်ခြင်း၊ သမားတော်ကြီးများအချင်းချင်း ဆွေးနွေးပညာဖလှယ်၍ တိမ်မြုပ်ပျောက်ကွယ်နေသည့် တိုင်းရင်းဆေးပညာရပ်များ၊ ကုထုံးနည်းနာများ၊ တိုင်းရင်းဆေးဝါးများ ပြန်လည်ဖော်ထုတ်နိုင်မည့် တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲများ ကျင်းပပေးခြင်း၊ ယခုကဲ့သို့ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံများကို နှစ်စဉ်ကျင်းပပေးခြင်းစသည့် နည်းလမ်းအသွယ်သွယ်ဖြင့် တိုင်းရင်းဆေးသမားတော်များ၏ အခန်းကဏ္ဍနှင့် ဂုဏ်သိက္ခာ ပိုမိုမြင့်မားထည်ဝါစေရေး အစီအမံများကို နိုင်ငံတော်အစိုးရက အားပေးချီးမြှောက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ပိုမိုယုံကြည်အားထား

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက အားပေးချီးမြှောက်လျက်ရှိသည့်အလျောက် မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်း ပြန်လည်မြင့်မား တောက်ပြောင်လာမှု၊ တိုင်းရင်းသားပြည်သူများက မြန်မာ့တိုင်းရင်းဆေးပညာအပေါ် ပိုမိုယုံကြည်အားထားကိုးစားလာမှု၊ ကျစ်လျစ်သိပ်သည်းခိုင်မာသည့် မြန်မာ့တိုင်းရင်းဆေးဆရာအသင်းကြီးပေါ်ထွန်းလာမှု၊ ခေတ်မီ တိုင်းရင်းဆေးဝါးလုပ်ငန်းကြီးများ အောင်မြင်ဖြစ်ထွန်းနေမှု၊ အဆင့်မြင့် မြန်မာ့တိုင်းရင်းဆေးရုံကြီးများ၊ မြန်မာ့တိုင်းရင်းဆေးတက္ကသိုလ်နှင့် တိုင်းရင်းဆေး သုတေသနလုပ်ငန်းများ ပေါ်ထွန်းလာမှု စသည့် အခြေခံကောင်း၊ အကျိုးရလဒ်ကောင်းများ ရရှိဖြစ်ထွန်းလျက် ရှိနေပြီဖြစ်ပါသည်။

ယင်းသို့ နိုင်ငံတော်အစိုးရက အဘက်ဘက်မှ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အချိန်အခါကောင်းကို ကောင်းစွာသိမြင်ပြီး မြန်မာ့တိုင်းရင်းဆေး ပညာရပ်များ တိုးတက်ထွန်းကားပြန့်ပွားရေးနှင့် နိုင်ငံတကာအဆင့်မီ သိပ္ပံနည်းကျဖွံ့ဖြိုးတိုးတက်ရေးအတွက် ဤမြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံကြီးမှတစ်ဆင့် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ လက်တွဲကြိုးပမ်းဆောင်ရွက်သွားနိုင်ကြလိမ့်မည်ဟု ယုံကြည်ထားပါသည်။

## တိုးမြှင့်စောင့်ရှောက်

သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကြီး ရည်မှန်းချက်များနှင့်အညီ ပြည့်ဝစွာ ပြီးမြောက်အောင်မြင်ပါစေ၊ မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်း ဂုဏ်ရှိန်မြင့်မားစွာ တိုးတက်ဖြစ်ထွန်းပါစေ၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူတို့၏ကျန်းမာရေးကို တိုးမြှင့်စောင့်ရှောက်ပေးနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။ ။



**မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်ကြီး ဆောက်လုပ်ရန်အတွက် အမှတ် ၂၉ (လေးလွှာ) ပုသိမ်လမ်း စမ်းချောင်း ရန်ကုန်မြို့ နေ ဦးမောင်မောင်မိုး (တက္ကသိုလ်ညီညီလေး တစ်နှစ်ပြည့်)–ဒေါ်လှမြင့်တို့အား ရည်စူးလျက် ဦးအေးကြိုင်၊ ဒေါ်မာလာမြင့်၊ ဒေါက်တာဝေဝေမြင့် မိသားစု၏ လှူဒါန်းငွေကျပ်တစ်သိန်းကို ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က လက်ခံပြီး ကျောင်းအကျိုးတော်ဆောင် ဆရာတော် အရှင်ဂန္ဓသာရ (စာချနာယက) မဟာသိမ်တော်ကြီးက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။** (က–ပ)

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းခွင် ကျန်းမာရေးဌာနခွဲနှင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေး အဖွဲ့တို့ ပူးပေါင်း စီစဉ်မှုဖြင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အလုံမြို့နယ် ကမ်းနားလမ်းရှိ လူမှုဖူလုံရေးအဖွဲ့ ပင်မဆေးသိုလှောင်ရုံ ခွေရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

## အကောင်အထည်ဖော်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲမှာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ၂၀၀၆ ခုနှစ် မေ ၅ ရက်တွင် ကျင်းပခဲ့သည့် သတ္တမအကြိမ် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက်ညှိနှိုင်းမှု အဖွဲ့အစည်းအဝေး (7th ASEAN Oshnet Coordinating Board Meeting) မှထွက်ပေါ်လာသည့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်သည့် အနေဖြင့် ကျင်းပခြင်းဖြစ်သည်။

## တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ စက်မှုဇုန်များမှ လူမှုဖူလုံရေးအဖွဲ့ ဆေးခန်းတာဝန်ခံဆရာဝန်များနှင့် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နိုဝင်ဘာ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❐ *ကျောဖုံးမှ*

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် လုထောင်ကျေးရွာသို့ ရောက်ရှိကြပြီး စပါးစိုက်ခင်းများနှင့် ဆဒုံးမြို့သစ် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆဒုံးမြို့နယ် ယာယီစုပေါင်းရုံးသို့ရောက်ရှိကြ၍ ဌာနဆိုင်ရာများ ရုံးခန်းဖွင့်လှစ်ထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

## အမွေးနံ့သာရည်များပက်ဖျန်း

ထို့နောက် ဆဒုံးမြို့နယ် စုပေါင်းရုံးသစ် ပန္နက်တင်မင်္ဂလာအခမ်းအားကို စုပေါင်းရုံးသစ်ဆောက်လုပ်မည့်နေရာ၌ ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်ဝင်းနှင့် ဆဒုံးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သူတို့က သတ်မှတ်နေရာများ၌ တစ်ပြိုင်တည်းပန္နက်ရိုက်ပေးကြပြီး အမွေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆဒုံး–ကန် ပိုက်တီး ကားလမ်း၊လုမြန်ကျေးရွာနှင့် လဂျောင်ကျေးရွာတို့၌ လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုမြန်ကျေးရွာတောင်ကုန်းမှ ဆဒုံးမြို့ကုန်းမြင့်လယ်မြေ စိုက်ခင်းများနှင့် လယ်ကွင်းများကို ကြည့်ရှုစစ်ဆေးသည်။

## ကြိုဆို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆဒုံးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိကြရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောင်းခန်းမ၌ ဆဒုံးမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံသည်။

## ဖြည့်စွက်တင်ပြ

ရှေးဦးစွာ ဆဒုံးမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်သူက မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကိုလည်းကောင်း၊ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားမှုလုပ်ငန်းများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာ၌ ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အလွန်အရေးပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှ စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်က လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် လမ်းများ၊ တံတားများကို ပြည်နယ်နှင့်တိုင်းများတွင် ဒေသဖွံ့ဖြိုးရေးအတွက် ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ယခု ဝါရှောင်–ဆဒုံး–ကန်ပိုက်တီးလမ်းသစ်ကို ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ယခင် လမ်းဟောင်းများသည် မြစ်ကြီးနားမှ ကန်ပိုက်တီးအထိ ၈၅ မိုင်ရှိသော်လည်း ယခုဖောက်လုပ်နေသည့် လမ်းသစ်မှာ ၇၃ မိုင်ခန့်သာရှိပြီး ၁၂ မိုင်ခန့် တိုတောင်းသွားခြင်း၊ လမ်းပိုမိုချောမွေ့ခြင်း၊ အတက်အဆင်းနည်းပါးသွားခြင်းကြောင့် ယခင်ကထက် အချိန်တိုတောင်းစွာ၊ လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများကလည်းဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြရမည် ဖြစ်သည့်အပြင် ဒေသနှင့်ကိုက်ညီသည့် သီးနှံပင်များကို စီးပွားရေး လုပ်ငန်းအဖြစ် စိုက်ပျိုးသွားကြရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

## ဆေးပစ္စည်းများပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန် ဒေါက်တာ နေဝင်းလှိုင်က လက်ခံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အခြေခံပညာ အထက်တန်းကျောင်းခွဲအတွက် ကွန်ပျူတာတစ်လုံး၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝတ်စုံများနှင့် ဆရာ ဆရာမများ အတွက် ဝတ်စုံများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှယ်ဂျား၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇော်ဝမ်း၊ ဆရာမ ဒေါ်ခင်လှဲ့နွယ်နှင့် ဒေါ်တင်တင်ညိုတို့က အသီးသီးလက်ခံကြသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဆဒုံးမြို့ တေးသီချင်းဖြင့် သီဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ ဆရာမများအား တူညီဝတ်စုံအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆဒုံးမြို့ရှိ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပြီး ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရေဝတအား ဖူးမြော်ပြီး သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုးလိုင်းကျေးရွာနှင့် ငါးအိမ်စု ကျေးရွာတို့၌ လမ်းပိုင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လည်းကောင်း၊ မနောန်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ဆောက်လုပ်မှုကိုလည်းကောင်း၊ ဝါရာယန်ကျေးရွာရှိ ဝါရာယန်တံတားကြံ့ခိုင်မှုနှင့် ဆိုင်လော်ကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး ဒေသဖွံ့ဖြိုးရေး ဈေးအခြေအနေကိုလည်းကောင်း၊ မန်ဝိန်းကျေးရွာ၌ လမ်းပိုင်းအခြေအနေကိုလည်းကောင်း၊ ဝိုင်းမော်– ဆဒုံးလမ်းသစ်လမ်းဆုံ၌ နန့်လောချောင်း တံတားသစ်နှင့် လမ်းပိုင်းအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် ဂူယံကျေးရွာမှ တောင်သူ ဦးဘောင်ယိန်း၏ မိုးစပါးစိုက်ခင်း လေးဧက၌ စပါးရိတ်စက် ငါးစီးနှင့် စပါးခြွေလှေ့စက်တို့ဖြင့် ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှု အားပေး၍ ဒေသခံ တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဦးမွန်တိတ်အား ရည်စူး၍ အမှတ် ၁၇၂ ၄၇လမ်း ဗိုလ်တထောင်မြို့နယ်နေ ဇနီး ဒေါ်ခင်စိန် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်နှင့် တိုးချဲ့ဆေးရုံအဆောက်အအုံအတွက် ငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးသိန်းအောင် လက်ခံယူစဉ်။** (က–ပ)



# ပြည်သူ့အားနဲ့ ဖယ်ရှားတွန်းလှန် အဖျက်ရန်

* နိုင်ငံတော် သာယာရေးကိုလ
အလေးထားကာ စိတ်ရည်တူစွာနဲ့
ညီအစ်ကို တိုင်းရင်းသားတွေက
ဆွေးနွေးကြ စိတ်ထက်သန်၊
အဖျက်တွေ ဘယ်လိုကြံလာပေမယ့်
ရန်ဟူသမျှ တွန်းလှန်ဖယ်လို့
အခြေခံဥပဒေ ဖော်ဆောင်ရေးကိုဖြင့်
အောင်မြင်ခြင်း ရည်သန်
ညီညွတ်ခြင်း အားမာန်နဲ့
ကျင်းပညီလာခံ။

* နှီးနှောကြ အပြန်အလှန်
နိုင်ငံအတွက် အင်အားပြု
ညီနောင်ထု ကိုယ်စားလှယ်၊
ရေရှည်မယ် နိုင်ငံတိုးတက်စေဖို့
အနာဂတ်ဝယ် ပြည်သူတွေအကျိုးရှိစေဖို့
အဓွန့်ရှည်အောင် နိုင်ငံတည်စေဖို့
ကြံရွယ်ကာ မျှော်ရည်တွေးလို့
ဆွေးနွေးကြတယ်။

* ပြည်တွင်းနဲ့ ပြည်ပရန်စွယ်
ရှိနေတယ် သတိထား၊
အဖျက်ရန် မှန်သမျှ
မြူမှုပင် မကျန်အောင်
ညီနောင်ဆွေ ပြည်သူ့အားနဲ့
တွန်းလှန်ဖယ်ရှား။ ။

**အရှင်သုမန (မအီမြို့)**

(အမျိုးသားညီလာခံကို ဂုဏ်ပြုလျက်–)

# ကိုးဘွဲ့ရဆရာတော် ဓမ္မသဘင်

**ရန်ကုန် နိုဝင်ဘာ ၂၅**

စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ် ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် နိုဝင်ဘာ ၂၇ ရက်တွင် ဝက်လက်မြို့နယ် လှတောကြီး ရွှေကျင်ရွာ ရွှေကျင်ဗိမာန်တော် ဆရာတော်ကြီး ပူဇော်ပွဲ၊ ၂၈ရက်တွင် မုံရွာဆားလင်းကြီးမြို့နယ် ဆုံတားကျေးရွာ အထူးပွဲ၊ ၂၉ ရက်တွင် မန္တလေးမြို့ မာလကာခြံ ၃၀–၃၁ကြား၊ ၈၇–၈၈ ကြား ကွဲ့ရိုင်းဓမ္မာရုံပွဲ၊ ၃၀ ရက်တွင် ရွှေဘိုခရိုင်ဝက်လက်မြို့နယ် မင်းကြည်ကျေးရွာ ဒက္ခိဏာရာမကျောင်း အောင်ရတနာမိသားစု အထူးပွဲတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး တရားပွဲရက် ရရှိပြီးသူများသည် ဆရာတော် ဖုန်း–၀၉၅–၃၃၀၈၉၅၊ ၀၇၂–၂၂၁၇၀၊ ၀၁–၇၀၈၄၀၃ တို့သို့ ကြိုတင်ဆက်သွယ်နိုင်ကြကြောင်း သိရသည်။ **(က–ပ)**

# ဆရာဝန်အသင်း ဓာတ်ရောင်ခြည်ပညာအဖွဲ့ငယ် ဆေးပညာနှီးနှောဖလှယ်ပွဲ အခမ်းအနား ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာနိုင်ငံဆရာဝန်အသင်း ဓာတ်ရောင်ခြည်အဖွဲ့ငယ်၏ စဉ်ဆက်မပြတ် (C.M.E) ဆေးပညာနှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသော ဓာတ်မှန်ဆရာဝန်များ၊ အဏုမြူရောင်ခြည်ဆိုင်ရာ ဆရာဝန်များ၊ ဓာတ်ရောင်ခြည်ဆေးကုသမှုဆိုင်ရာ ဆရာဝန်များနှင့် စိတ်ပါဝင်စားသော ဆရာဝန်များသည် ဒီဇင်ဘာ ၆ ရက်မှစ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဓာတ်မှန်ဌာနတွင် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လေထုတွင်း မီသိန်းဓာတ်ပါဝင်မှု အရှိန်လျော့လာ

ကမ္ဘာ့လေထုအတွင်း ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့တစ်ခုဖြစ်သည့် မီသိန်းဓာတ်ငွေ့ပါဝင်မှု မြင့်မားခြင်းမှာ မကြာမီ နှစ်များအတွင်းက လျော့နည်းလာကြောင်း တွေ့ရသည်ဟု သုတေသီပညာရှင်များက ပြောဆိုသည်။




## တည်ငြိမ်

ပြီးခဲ့သည့် ၂၀ ရာစုနှစ်အတွင်းက မီသိန်းဓာတ်ငွေ့ပါဝင်မှု အကြီးအကျယ် မြင့်မားပြီးနောက် ခုနစ်နှစ်ခန့်ကစ၍ လေထုအတွင်း မီသိန်းဓာတ်ငွေ့ ပါဝင်မှုနှုန်းမှာ တည်ငြိမ်သွားသည်ဟု သုတေသီများက ပြောဆိုသည်။

ယင်းသို့ ဖြစ်ရခြင်းမှာ ဓာတ်ငွေ့ပိုက်လိုင်း၊စပါးခင်းများနှင့် ဖို့မြေများမှ မီသိန်းဓာတ်ငွေ့ထုတ်မှု လျော့ပါးအောင် စီစဉ်ဆောင်ရွက်မှုတို့ကြောင့်ဖြစ်သည်ဟု ယူဆသည်။

## လျှော့ချရေး

မီသိန်းဓာတ်ငွေ့သည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကဲ့သို့ အရေးပါသည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ဖြစ်ရုံမက ယင်း၏ အကျိုးသက်ရောက်မှုမှာလည်း အရေးကြီးသည်။ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့အားလုံးလျှော့ချရေးအတွက် တစ်ကမ္ဘာလုံး ကြိုးပမ်းရန် လိုအပ်ကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ပါမောက္ခ ရိုလန်က နှိုးဆော်ထားသည်။

**(ကိုးကား–အင်တာနက်)**

**အင်တာနက် သတင်းနှင့် ဓာတ်ပုံ**

# HIV/AIDS စီမံချက်လုပ်ငန်းများ ဆန်းစစ်သည့် အလုပ်ရုံဆွေးနွေးပွဲဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းနှင့် HIV/AIDS ကမ္ဘာ့ရန်ပုံငွေအဖွဲ့ Global Fund နှင့် UNDP တို့ ပူးပေါင်း ဆောင်ရွက်ခဲ့သည့် HIV/AIDS ကူးစက်မှုလျှော့ချရေးပညာပေးဆွေးနွေးခြင်း၊ ကွန်ဒုံး အသုံးပြုရေး စည်းရုံးဆွေးနွေးခြင်းနှင့် VCCT နည်းလမ်းအရ သွေးစစ်ဆေးမှုများ ပြုလုပ်ခြင်း စသည့် စီမံချက်လုပ်ငန်းများ၏ နောက်ဆုံးအကြိမ် ဆန်းစစ်သည့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက်၉နာရီတွင် ရန်ကုန်မြို့ Park Royal Hotel အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ရှင်းလင်းတင်ပြ

ဖွင့်ပွဲအခမ်းအနားတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းဥက္ကဋ္ဌ ဦးအေးမြင့်က အမှာစကား ပြောကြားသည်။ Annual Review Workshop အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကော့သောင်းမြို့နယ်နှင့် မြိတ်မြို့နယ် စီမံချက်တာဝန်ခံတို့က မြို့နယ်အလိုက် HIV/AIDS Education and Tcp Project လုပ်ငန်းဆောင်ရွက်မှုစာတမ်းများကို Power Point များဖြင့် ရှင်းလင်းတင်ပြကြသည်။

မြိတ်နှင့်ကော့သောင်းမြို့နယ်များမှ တင်ပြချက်များနှင့်စပ်လျဉ်း၍ တက်ရောက်ကြသူများက ဖြည့်စွက်ဆွေးနွေးကြသည်။ ညနေပိုင်းတွင် သန်လျင်၊ ကျောက်တန်း၊ သံဖြူဇရပ်မြို့နယ်များမှ စီမံချက် တာဝန်ခံများက မိမိတို့ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စာရေးတံမဲ လှူဒါန်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကြံ့ခိုင်ရေးရပ်ကွက် သာသနောဒယ သီလရှင် စာသင်တိုက်တွင် နိုဝင်ဘာ ၁၉ရက် (တန်ဆောင်မုန်းလကွယ်နေ့) က မြို့နယ်အတွင်းရှိ အလှူရှင်များ စုပေါင်း၍ စတုတ္ထအကြိမ် သီလရှင်ဝတ်စုံများနှင့် စာရေးတံမဲလှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားတွင်သံဃနာယက ဆရာတော်ကြီး ခြောက်ပါးအား အမှူးထားကာ သံဖြူဇရပ်မြို့ပေါ်ရှိ သီလရှင်စာသင်တိုက်ကြီးငါးတိုက်မှ သီလရှင် စုစုပေါင်း ၁၃၃ပါးအား တစ်ပါးလျှင် သီလရှင်ဝတ်စုံတစ်စုံစီနှင့် စာရေးတံမဲ တစ်မဲစီ မဲဖောက်လှူဒါန်းပြီး သံဃာတော်များအား နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်ကြသည်။ **(က–ပ)**

✡ *ကျောဖုံးမှ*

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် မိုင်းဖြတ်ခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင် ဖြစ်ထွန်းလျက်ရှိသဖြင့် ပြည်နယ်၏စီးပွားရေးကဏ္ဍ တိုးတက်မြင့်မားရေးကို အထောက်အကူပြုလျက်ရှိသည့် အားထားရသော ဒေသပင်ဖြစ်ကြောင်း။

နိုင်ငံတော်မှ သတ်မှတ်ထားသော အဓိကသီးနှံ ၁၀မျိုး ပန်းတိုင်အထွက်နှုန်းပြည့်မီရေးအတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်ပြီး စိုက်ပျိုးရေးဝန်ကြီးဌာနက သတ်မှတ်ထားသော ခေတ်မီနည်းစနစ်များနှင့်အညီ စနစ်တကျတိုးချဲ့စိုက်ပျိုးကြရေး၊ တာဝန်ရှိသူများက ဒေသခံတောင်သူများအား လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးပြီး စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

## တိုးချဲ့စိုက်ပျိုး

စက်မှုကုန်ကြမ်းသီးနှံ နှစ်ရှည်ပင်ရော်ဘာ၊ လက်ဖက်နှင့် အထူးသီးနှံ ခြံစည်းရိုးကြက်ဆူပင်တို့ကိုနိုင်ငံတော်က လျာထားသတ်မှတ်ချက်နှင့်အညီ တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ ဒေသတွင်း ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက်လည်းဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

ပြည်ထောင်စုကြီး ထာဝရတည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဘုရင့်နောင်ခန်းမ၌ မိုင်းဖြတ်ခရိုင်နှင့် မိုင်းဖြတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များ ဆက်လက်တွေ့ဆုံ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ မိုင်းဖြတ်မြို့ ပြည်သူ့ဆေးရုံကို သွားရောက်ပြီး အမျိုးသား၊ အမျိုးသမီး ဆေးကုသဆောင်၊ ခွဲစိတ်ကုသခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

## လိုအပ်သည်များမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ မိုင်းဖြတ်မြို့ အခြေခံပညာအထက်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းဆောင်၌ စာသင်ခန်းများ ဖွဲ့စည်းတည်ရှိမှု၊ ပညာသင်ကြားရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းဖြတ်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကျောင်းသူများ ကျောင်းနေပျော်၍ စာတော်ရေးတို့အတွက် ဆရာ ဆရာမများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေး သင်ကြားမှု အထောက်အကူပြုပစ္စည်းများကို ထိထိရောက်ရောက် အသုံးချပြီး သင်ကြားပို့ချရေး တိုးတက်လာသောကျောင်းသား ကျောင်းသူအင်အားနှင့်အညီ စာကြည့်တိုက်နှင့် ကွန်ပျူတာခန်းများအတွက် လိုအပ်သောစာသင်ခန်းများ တိုးချဲ့ဆောက်လုပ်ရေးကို ညှိနှိုင်းတင်ပြ ဆောင်ရွက်သွားရေး၊ e-Education Learning Centre ပို့ချချက်များ ထိရောက်အောင် စီမံလုပ်ဆောင်သွားရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ လိုက်ပါ၍ မိုင်းဖြတ်မြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး တာချီလိတ်- ကျိုင်းတုံ-တောင်ကြီး- မိတ္ထီလာ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၄၂၂/၀ မှ ၄၃၂/၀) အတွင်းရှိ တာကျောက် ကျေးရွာအနီး၌ လမ်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၄၂၁/၅)ရှိ ယန်းခကျေးရွာအနီး ယန်းခချောင်း အကူးယာယီဘေလီတံတားတည်ဆောက်မှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ညနေပိုင်းတွင်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေးဦးစွာ ဝ၊ ခါ၊ လာအို၊ ရှမ်းစသည့် ဒေသခံတိုင်းရင်းသား သင်တန်းသား သင်တန်းသူများက ပတ္တလား၊ စောင်းတို့နှင့် တွဲဖက်တီးခတ်၍ "အောင်စေပိုင်စေ" သီချင်းကို သီဆိုကြိုဆိုကြသည်။

ထို့နောက် သင်တန်းကျောင်းခန်းမ၌ ဒုတိယကျောင်းအုပ် ဒေါ်မေသီအောင်က သင်တန်းကျောင်း၏ နောက်ခံသမိုင်း၊ သင်တန်းသား သင်တန်းသူများ၏ ပညာသင်ကြားရေး၊ စားဝတ်နေရေး စသည့်အုပ်ချုပ်မှုဆိုင်ရာကိစ္စများကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ဖွဲ့စည်းပုံအင်အားအရ လိုအပ်သော ဝန်ထမ်းများကို ဖြည့်စွက်ခန့်ထားရေးစီမံဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံတော်က ဒေသခံတိုင်းရင်းသား လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်ကာလတွင် နိုင်ငံတော်က အားထားရသော မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းရေး၊ ပြည်ထောင်စုကြီး ထာဝရ တည်ငြိမ်အေးချမ်း သာယာဝပြောရေးနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ် အပြည့်ဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်သွားကြရေး၊ လေ့ကျင့်သင်ကြား ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းလိုကြောင်း။

သင်တန်းသား သင်တန်းသူများ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးကာ ကျောင်းတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးတစ်ပိုင်တစ်နိုင် ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက သင်တန်းသား သင်တန်းသူများအတွက် ထောက်ပံ့ငွေနှင့် ကျောင်းသုံး စာအုပ်များ၊ စာရေးကိရိယာများကို ပေးအပ်လှူဒါန်းရာ ဒုတိယကျောင်းအုပ် ဒေါ်မေသီအောင်က လက်ခံသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သင်တန်းသား အိပ်ဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးသည်။

## သီဆိုဖျော်ဖြေ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် စာသင်ဆောင်ကို လှည့်လည်ကြည့်ရှုရာ တိုင်းရင်းသား သင်တန်းသား သင်တန်းသူများက "ပြည်ထောင်စုအတွက်ထာဝစဉ်" သီချင်းဖြင့် ဂါရဝပြုသီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်း ဓမ္မာရုံ၌ တိုင်းရင်းသား သင်တန်းသား သင်တန်းသူများက ဓမ္မစကြာနှင့် ဝတ်စဉ်များရွတ်ပွားမှုကို ကြည့်ရှုကြပြီး သင်တန်းကျောင်းမှ ဆက်လက်ထွက်ခွာသွားသည်။

## လက်ခံသင်ကြားပို့ချ

အဆိုပါ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် နယ်စပ်ဒေသနေ မိမိတိုင်းရင်းသား ဘာသာစကား တတ်ကျွမ်းသည့် အသက်(၈)နှစ်မှ (၁၈)နှစ်အထိ၊ တိုင်းရင်းသား လူငယ်များဖြစ်ကာ မိဘမဲ့၊ မိမဲ့ ဘမဲ့နှင့် ပညာလိုလားပြီး ဆင်းရဲနွမ်းပါးသည့် တိုင်းရင်းသားလူငယ်များအား လက်ခံသင်ကြား ပို့ချပေးလျက်ရှိသည်။

၂၀၀၆ -၂၀၀၇ပညာသင်နှစ်တွင် အာခါ တိုင်းရင်းသား၁၃၀၊ လားဟူတိုင်းရင်းသား၂၉ဦး၊ ချင်းတိုင်းရင်းသားတစ်ဦး၊ 'ဝ' တိုင်းရင်းသားသုံးဦး၊ ရှမ်းတိုင်းရင်းသား ၁၀ဦး တို့ပါဝင်ပြီး တိုင်းရင်းသား သင်တန်းသား ၁၇ဦး၊ သင်တန်းသူ ၅၆ဦး စုစုပေါင်း သင်တန်းသား၁၇၃ဦးတို့သည် တတိယတန်းမှ ဒသမတန်းအထိ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

သင်တန်းသား သင်တန်းသူများအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနက ရိက္ခာများနှင့် ထောက်ပံ့ငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်း၊ သင်တန်းသား သင်တန်းသူများ အဆင့်မြင့်တက္ကသိုလ်ကောလိပ်အထိဆက်လက်တက်ရောက်သင်ကြားနိုင်ရန် ပညာရေး အခွင့်အလမ်းရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# MSP ကုန်ပစ္စည်းများစွမ်းရည် သရုပ်ပြရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၂၅**

ပန်းတိုင်သစ် ကုမ္ပဏီလီမိတက်၏ အရည်အသွေးမြင့် နောက်ဆုံးပေါ် မော်လီကျူးနည်းပညာဖြင့် ထုတ်လုပ်သော Molecular Science Products (MSP) ကုန်ပစ္စည်းများ၏ စွမ်းရည်သရုပ်ပြ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဂရင်း မီးရထားဟိုတယ်၌ ကျင်းပရာ ပန်းတိုင်သစ် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်ယဉ်ယဉ်နွဲ့ **(အပေါ်ပုံ)**က မိတ်ဆက်စကား ပြောကြား၍ Technical Advisor, Mr. Vass Avarm က အရည်အသွေးမြင့် နောက်ဆုံးပေါ် မော်လီကျူးနည်းပညာဖြင့်ထုတ်လုပ်သော Molecular Science Products (MSP) ကုန်ပစ္စည်းများအကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းသည်များကို Technical Advisor, Mr. Vass Avarm နှင့် ပန်းတိုင်သစ် ကုမ္ပဏီလီမိတက်မှ Mr. James Poo တို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

## အလွယ်တကူစက်နှိုးနိုင်

ပန်းတိုင်သစ် ကုမ္ပဏီလီမိတက်က တင်သွင်းသော MSP Engine Treatment ပစ္စည်းသည် အင်ဂျင်ပွန်းစားမှုဒဏ်ကို ၉၅ ရာခိုင်နှုန်း ကာကွယ်နိုင်ခြင်းကြောင့် နာဆာ (NASA) မှ အာကာသလွန်းပြန်ယာဉ်များ၊ စစ်ဘက်ဆိုင်ရာယာဉ်များ၊ ကား၊ ရထား၊ သင်္ဘောအစရှိသော သယ်ယူပို့ဆောင်ရေးယာဉ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ယန္တရားကြီးများ၌ သုံးရသော စက်မှုလုပ်ငန်းကြီးများတွင် အသုံးပြုနေကြပြီး MSPအင်ဂျင်ဆီကို အပူပိုင်းနှင့် အအေးပိုင်းဒေသများတွင်ပါ သုံးနိုင်၍ အပူချိန်အနုတ် ၅၀ ဒီဂရီစင်တီဂရိတ်အထိ အေးသော အချိန်များတွင်ပင် အလွယ်တကူ စက်နှိုးနိုင်သည်။

MSP အင်ဂျင်ဆီကို အသုံးပြုပါက အင်ဂျင်သက်တမ်း သုံးဆထိ ပိုမိုရှည်ကြာစွာ သုံးစွဲနိုင်ပြီး သာမန်အင်ဂျင်ဆီကိုးဆနှင့် MSPအင်ဂျင်ဆီတစ်ဆရောစပ်အသုံးပြုပါက သာမန်ကာလထက် လေးဆမှ ခုနစ်ဆအထိ ပိုမိုရှည်ကြာစွာ သုံးစွဲနိုင်သည့်အပြင် အင်ဂျင်လည်ပတ် မောင်းနှင်နေစဉ် အပူချိန်မြင့်တက်မှုနှင့် အင်ဂျင်ဆူညံမှုများကို ထူးကဲစွာ လျှော့ချပေးနိုင်ကြောင်း သိရှိရသည်။

## ဆက်သွယ်ဝယ်ယူနိုင်

ပန်းတိုင်သစ် ကုမ္ပဏီလီမိတက်က MSPPL Engine Formulation အင်ဂျင်ဆီ အပါအဝင် အခြားအရည်အသွေးမြင့် MSP အမျိုးအစားငါးမျိုးကို မြန်မာနိုင်ငံ၌ ဖြန့်ချိလျက်ရှိပြီး MCP ၆၇၇ ပြည်လမ်း စော်ဘွားကြီးကုန်း အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၀၀၄၅၁၉၊ ၄၄၁၁၀၄၂၊ ၇၀၃၂၅၉၊ ၀၉-၅၁၀၉၃၈၆ နှင့် ပန်းတိုင်သစ်ကုမ္ပဏီလီမိတက် အမှတ် (၁၇-စီ) ပါရမီလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၀၇၅၂၅ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# စိန်စည်သာသနာ့ရိပ်သာ ဒီဇင်ဘာ တရားစခန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၅**

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၈)ရပ်ကွက် ဗိုလ်မင်းရောင်လမ်း၊ မဟာစည်သြဝါဒခံ စိန်စည်သာသနာ့ရိပ်သာအတွင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဒီဇင်ဘာ တရားစခန်းပွဲကို ဒီဇင်ဘာ ၁ရက်မှ ၁၀ရက်အထိ ၁၀ရက်တိုင်တိုင် ပြုလုပ်မည့် တရားစခန်းပွဲတွင် စိန်စည်ဆရာတော်နှင့် မဟာစည်သာသနာ့ရိပ်သာမှ နာယကဆရာတော်ကြီးများက မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများ နိုဝင်ဘာ ၃၀ရက် မွန်းလွဲ ၂နာရီ လာရောက်ကြရမည်ဖြစ်သည်။

တရားစခန်းဝင် ယောဂီတို့အား အရဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းလိုပါက စိန်စည်သာသနာ့ရိပ်သာ ဖုန်း-၅၈၁၁၆၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ၇၅ မင်းဆွေမှ ၈၈ မင်းကိုနိုင်သို့

ညီလေး မင်းကိုနိုင်– အစ်ကိုစာရေးလိုက်ပါတယ်။ ဒီနေ့ဒီအချိန်မှာ ညီလေးဘယ်နေရာမှာ ရှိနေတယ်ဆိုတာ အစ်ကိုမသိပါဘူး။ ဒါကြောင့် ဒီစာကို သတင်းမီဒီယာမှတစ်ဆင့် ညီလေးဖတ်ရကောင်းရဲ့ဆိုတဲ့ သဘောနဲ့ သတင်းမီဒီယာတိုက်ကိုပဲ ပို့ပေးလိုက်ပါတယ်။

ညီလေး မင်းကိုနိုင်–ညီလေးက ၈၈မျိုးဆက်ကျောင်းသားဆိုတော့ အစ်ကိုက ၇၅မျိုးဆက် ကျောင်းသားပါ။ အစ်ကိုတို့ ၇၅ မျိုးဆက် ကျောင်းသားတွေဟာ ဦးသန့်အရေးအခင်း၊ မှိုင်းရာပြည့်အရေးအခင်း များဖြင့် ကျောင်းသားလှုပ်ရှားမှုများလုပ်ဆောင်ခဲ့ကြပြီး မဆလအစိုးရကို ဖြုတ်ချဖို့ ကြိုးစားခဲ့ကြသူတွေ ဖြစ်ပါတယ်။ အလားတူ ညီလေးတို့ ၈၈ မျိုးဆက်များကတော့ ရှစ်လေးလုံးလူထုလှုပ်ရှားမှုမှာ ပါဝင်စွမ်းဆောင်နိုင်ခဲ့ကြပါတယ်။

ညီလေး မင်းကိုနိုင်–အစ်ကိုဟာ မှိုင်းရာပြည့်အရေးအခင်း အပြီးမှာ အင်းလျားမြေက ဒဂုံဆောင်နဲ့ လှိုင်တက္ကသိုလ်နယ်မြေကို ကျောခိုင်း ထွက်ခွာခဲ့ရပါတယ်။ ညီလေးနဲ့အစ်ကို မတူတဲ့အချက်က ညီလေးဟာ ရှစ်လေးလုံးလှုပ်ရှားမှုအပြီးမှာ ထောင်ထဲရောက်သွားတယ်။ အစ်ကိုက မှိုင်းရာပြည့်လှုပ်ရှားမှုအပြီးမှာ စီးပွားရေးလောကထဲ ရောက်သွားတယ်။ မိမိဘဝကို စွန့်လွှတ်အနစ်နာခံမှု အဆင့်အတန်းမှာ ညီလေးနဲ့အစ်ကိုဟာ မိုးနဲ့မြေပမာ ကွာခြားလှပါတယ်။ မှိုင်းရာပြည့် အရေးအခင်းအပြီးမှာ အစ်ကိုဟာ အဖေရဲ့ဆားထုတ်လုပ်မှုလုပ်ငန်းမှာ ကူညီလုပ်ကိုင်ခဲ့ပါတယ်။ အဖေ့ကို လေးနှစ်ကူညီခဲ့ပြီး လုပ်ငန်းအတွေ့အကြုံရလာတဲ့အခါ အဖေက အရင်းအနှီးထုတ်ပေးတယ်။ အဲဒီငွေနဲ့ ရေးနယ်က ပလိုင်ကီးရွာမှာ ဆားကွင်းတစ်ကွင်း လုပ်ကိုင်ခဲ့တယ်။ အဲဒီနေရာဟာ အစ်ကို့ရဲ့ဇာတိမြို့ ကျိုက္ခမိနဲ့ မိုင်၆၀လောက်ဝေးတယ်။ နယ်မြေကလည်း မအေးချမ်းတဲ့ သောင်းကျန်းသူနယ်မြေ ဖြစ်နေတယ်။ အစ်ကိုက ဗမာစကားကလွဲပြီး တခြားတိုင်းရင်းသားစကားတွေ မတတ်ပါဘူး။ ဒါကြောင့် အမေက အဲဒီနယ်မှာ စီးပွားရေးသွားလုပ်တာကို တားတယ်။ အဖေက အားပေးတယ်။ အစ်ကိုကတော့ သောင်းကျန်းသူဆိုတာ ကြောက်စရာမလိုဘူး၊ အစိုးရကို ဆန့်ကျင်နေတဲ့ အဖွဲ့အစည်းဖြစ်လို့ အစ်ကိုတို့နဲ့သဘောချင်း တိုက်ဆိုင်နိုင်တယ်လို့ ယူဆခဲ့တယ်။ ဒါကြောင့် အဲဒီနယ်မှာ စီးပွားရေး လုပ်ပြီး သောင်းကျန်းသူနဲ့ပေါင်းမယ်လို့ ဆုံးဖြတ်လိုက်တယ်။

ညီလေးမင်းကိုနိုင်–အစ်ကို့ရဲ့ဆားကွင်းဟာ သံဖြူဇရပ်နဲ့ရေး ရထားလမ်းဘေးက ပလိုင်ကီးရွာလေးမှာရှိတယ်။ အဲဒီပလိုင်ကီးရွာဟာ သောင်းကျန်းသူတွေ အင်အားနဲ့စခန်းချထားတဲ့ ဖာလိန်တောင်ခြေနဲ့ နှစ်မိုင်လောက်ပဲဝေးတယ်။ သောင်းကျန်းသူတွေက မကြာခဏ အစ်ကိုတို့စီးတဲ့ ရထားတွေကို မိုင်းခွဲတယ်။ ရထား လမ်းတံတားတွေကို ဖောက်ခွဲဖျက်ဆီးတယ်။ ရထားလမ်းလုံခြုံရေးအတွက် တပ်မတော်သားတွေဟာ အစ်ကိုတို့ ရှေ့မှာ တဖြောက်ဖြောက်ကျဆုံးရတယ်။ ရထားမိုင်းခွဲခံရပြီး အပြစ်မဲ့ ပြည်သူအများအပြား သေကျေဒဏ်ရာရကြတယ်။ ဒါတွေဟာ အစ်ကို့ရဲ့ ဆားကွင်းနားမှာ ဖြစ်ပျက်နေကြတာပါ။ ဒါတွေကိုမြင်တော့ အစ်ကို ဘာဆက်လုပ်သင့်သလဲ။ အစိုးရကိုဆန့်ကျင်တဲ့ သောင်းကျန်းသူနဲ့ပဲ ပေါင်းမလား၊ တပ်မတော်သားတွေနဲ့လက်တွဲပြီး မိုင်းထောင်ဖောက်ခွဲနေတဲ့ သောင်းကျန်းသူတွေကို တားဆီးမလား၊ ဒါမှမဟုတ် ဘယ်သူသေသေ ငတေမာပြီးရော ဆိုသလို ဒီမိုင်းထောင်၊မိုင်းခွဲလုပ်ရပ်တွေဟာ ကိုယ်နဲ့မဆိုင်သလို နေမလားဆိုပြီး အစ်ကိုစဉ်းစားလာရတော့တယ်။ ညီလေးသာ ဆိုရင် ဘယ်အချက်ကို ရွေးမလဲ။ ဒီအဖြေကို အစ်ကိုသိပါတယ်။ ညီလေးလို အများအကျိုးအတွက် စွန့်လွှတ်အနစ်နာခံတဲ့ လူစားမျိုးဟာ အစ်ကို့လို တောင်တောင်အီအီတောင် စဉ်းစားနေမှာမဟုတ်ဘူး။ တပ်မတော်သားတွေနဲ့ လက်တွဲပြီး မိုင်းထောင်၊မိုင်းခွဲတဲ့ လုပ်ရပ်တွေကို ညီလေးဟန့်တားမယ်လို့ အစ်ကို အပြည့်အဝယုံကြည်ပါတယ်။

ညီလေး မင်းကိုနိုင် – ကျောင်းသားဘဝတုန်းက တပ်မတော်ကို မုန်းတီးခဲ့တဲ့အစ်ကိုဟာ သောင်းကျန်းသူနယ်ထဲ ရောက်သွားတဲ့အခါ မှာတော့ တပ်မတော်နဲ့ တစ်သွေးတည်း၊ တစ်သားတည်း ဖြစ်သွားတယ်။ ညဘက် ရထားလမ်းဘေး တပ်မတော်သားတွေ ကင်းပုန်းဝပ်တဲ့အခါမှာ အစ်ကိုလဲပါဝင်တဲ့အထိ ဖြစ်သွားခဲ့တယ်။ ဒါကြောင့် သောင်းကျန်းသူ ဘက်က နံပါတ်(၄) ဆားကွင်းသူဌေးဟာ ရန်သူကိုအားပေးတယ်၊ ရန်သူကိုမွေးတယ်ဆိုတဲ့ အသံတွေထွက်လာတယ်။ တစ်နေ့မှာတော့ "မင်းရဲ့အမူအကျင့်တွေကို ငါတို့အဖွဲ့က ဆုံးဖြတ်ပညာပေးရန်ရှိတယ် ဆိုပြီး" သောင်းကျန်းသူတပ်ခွဲမှူး ဗိုလ်ဇလိုင်က အစ်ကို့ကို ဆင့်ခေါ်တယ်။ သောင်းကျန်းသူမှာ အကျဉ်းထောင်ရှိတာမဟုတ်ဘူး။ သူတို့ရဲ့ ပညာပေးခြင်းကို ခံရတဲ့သူတွေဟာ ကိုယ့်တွင်းကိုယ်တူးရတယ်။ ဒီလို အစ်ကို့အတွက် သေရေး၊ရှင်ရေးဖြစ်နေတဲ့အချိန်မှာ ပလိုင်ကီးရွာက မွန်အမျိုးသားကြီး ဦးမောင်က သူဌေးမှာ ဘာမှအပြစ်မရှိဘူး။ သူဌေးဟာ ကျွန်တော်တို့ မွန်တွေကို ကူညီစောင့်ရှောက်နေတယ်။ သူဌေးကိုမသတ်ခင် ကျွန်တော့်ကို

## ၇၅ မင်းဆွေ

အရင်သတ်ပါလို့ ဝင်ရောက်ဟန့်တားပြောဆိုခဲ့တယ်။ နောက်တစ်လ လောက်အကြာ နံနက်စောစောပိုင်းအချိန်မှာ ဗိုလ်ဇလိုင်ဟာ အစ်ကို့ ဆားကွင်းဘေးကိုရောက်လာတယ်။ သူ့သမီး ငှက်ဖျားအပြင်းအထန်ဖြစ်လို့ ရေးမြို့ဆေးရုံတင်ပေးဖို့ အစ်ကို့ကို အကူအညီတောင်းတယ်။ အစ်ကိုက စိတ်ချပါ ကိုဇလိုင်၊ ကျွန်တော့်သမီးလိုပဲ သဘောထားပြီး စောင့်ရှောက် ပေးပါမယ်။ အခုပဲ ရေးမြို့ကို ခေါ်ကျင်သွားမယ်လို့ ပြောလိုက်တယ်။ ဗိုလ်ဇလိုင်က ညနေကျမှ ရထားနဲ့သွားပါလို့ ပြောတယ်။ ကိုဇလိုင်သမီးက ကယောင်ကတမ်းဖြစ်နေတယ်ဆိုတော့ စိုးရိမ်ရတယ်၊ နောက်ပြီး ရထား ဆိုတာ စိတ်ချရတာမဟုတ်ဘူး၊ မတော်လို့ မိုင်းခွဲခံရရင် ဘယ်လိုလုပ်မလဲ လို့ ပြောလိုက်တော့ ဗိုလ်ဇလိုင် မျက်နှာပျက်သွားတယ်။ ရထားကို မိုင်းခွဲနေတာ သူတို့အဖွဲ့ပဲမဟုတ်လား။ ဗိုလ်ဇလိုင်က သူ့အေကေသေနတ် ကို ကမ်းပေးတယ်။ သူလက်နက်စွန့်ချင်ပြီဆိုတာ အစ်ကိုသိလိုက်တယ်။ နောက်ပိုင်းမှာတော့ ဗိုလ်ဇလိုင်ဟာ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်ပြီး အလင်းဝင်ရောက်ခဲ့တယ် ညီလေး။

ညီလေး မင်းကိုနိုင် – ဒီအဖြစ်အပျက်တွေကိုကြည့်ရင် အစ်ကိုတို့ဟာ နိုင်ငံနဲ့လူမျိုးအကျိုးအတွက် လိုအပ်လာလျှင် နိုင်ငံတော်ရဲ့ တစ်ခုတည်း သော တပ်မတော်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ ဒီလို ပူးပေါင်း ဆောင်ရွက်ခြင်းကြောင့် မလိုလားတဲ့သူတွေက ရန်သူနဲ့ပေါင်းတယ်လို့ ပြောလဲ ဂရုစိုက်စရာမလိုဘူး။ မိမိ ဂုဏ်ငယ်၊ဂုဏ်သိမ်မှာကို ထည့်တွက် စရာမလိုဘူး။ မိမိအကျိုးထိခိုက်မှာ၊ မိမိအသက် အန္တရာယ်ဖြစ်မှာကိုလဲ ကြောက်စရာမလိုဘူး။ တစ်ခုတော့ရှိတယ် နိုင်ငံနဲ့လူမျိုးအကျိုးကို ဗန်းပြပြီး မိမိပုဂ္ဂလိက အကျိုးစီးပွားအတွက် ရိုက်စားလုပ် ပူးပေါင်းဆောင်ရွက်တာမျိုး ကိုတော့ အစ်ကိုလက်မခံပါဘူး။ ညီလေးဆို ဝေလာဝေးပေါ့။

ညီလေး မင်းကိုနိုင် – အမေရိကန်နဲ့ ဗီယက်နမ်ဟာ တစ်ချိန်က သူသေ၊ ကိုယ်သေ တိုက်ခဲ့ကြတဲ့ ကမ္ဘာ့ရန်သူတွေပါ။ ယခုအခါမှာတော့ ဗီယက်နမ်လူမျိုးတွေ စည်းလုံးညီညွတ်တာကြောင့် အမေရိကန်က စီးပွားရေးအထူးအခွင့်အရေးတွေပေးပြီး ဆက်ဆံနေရတယ်။ ဗီယက်နမ် နိုင်ငံရဲ့ စီးပွားရေးဟာ ဖွံ့ဖြိုးလာတယ်။ ဗီယက်နမ်လူမျိုးတွေ ချမ်းသာပြီး လူနေမှုအဆင့် မြင့်လာကြတယ်။ ဒို့မြန်မာတွေနဲ့ အမေရိကန်ဟာ ဘာမှ ရန်ငြိုးရန်စရှိကြတာ မဟုတ်ဘူး။ ဒို့တစ်တွေ မညီမညွတ်ဖြစ်နေကြ လို့သာ အမေရိကန်က စီးပွားရေး ပိတ်ဆို့နေတာပါ။ ဒို့တစ်တွေ မညီညွတ်လို့သာ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ မြန်မာ့အရေးကို အဆွေး နွေးခံနေရတာပါ။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတင်ပြီး ဒို့နိုင်ငံကို ရွာကြီး တစ်ရွာထဲမှာရှိတဲ့ နူနာရောဂါဖြစ်နေတဲ့အိမ်ကို ရွာပြင်ထုတ်သလို ဝိုင်းပယ်ဖို့ ကြိုးစားနေကြတယ်။ ဒါဟာ ဒို့တစ်တွေအတွက် မျက်နှာကို ဓားနဲ့ လှီးပစ်ချင်လောက်အောင် ရှက်ဖို့ကောင်းတဲ့ ကိစ္စဖြစ်တယ်။ ဒါဟာ ဝမ်းသာအားရ ဖြစ်နေကြရမယ့် ကိစ္စမဟုတ်ဘူး။ ဝိုင်းဝန်းထောက်ခံ အားပေးကြရမယ့်ကိစ္စ မဟုတ်ဘူး ညီလေး။

> ဒို့တစ်တွေဟာ ဒို့နိုင်ငံရဲ့ အမြစ်တွယ်နေတဲ့ ရောဂါဆိုးကြီးကို ၁၉၈၈ မှာ ခွဲစိတ်ကုသခဲ့ကြတယ်။ ဒီလိုခွဲစိတ်ကုသတဲ့အတွက် တန်ဖိုးကြီးစွာ ပေးဆပ်ခဲ့ကြရတယ်။ ၁၉၈၈နောက်ပိုင်းမှာ ခွဲစိတ်ကုသခံခဲ့ရတဲ့ ဒို့နိုင်ငံကို နာလန်ထလာအောင် နိုင်ငံတော် အစိုးရနဲ့ ပြည်သူအများက ဝိုင်းဝန်း ကြိုးစားနေကြတယ်။ နာလန်ထစ နိုင်ငံတော်ကြီးကို နောက်တစ်ကြိမ် ထပ်ပြီး မခွဲစိတ်ချင်ပါနဲ့။ ခွဲစိတ်ဖို့လဲ မကြိုးစားပါနဲ့။ နာလန်ထစလူနာကို ခွဲစိတ်မှုဟာ ဆိုးကျိုးကိုပဲ ဖြစ်စေမယ် ညီလေး။

ညီလေး မင်းကိုနိုင် – ၁၉၈၈ မတိုင်မီက ဒို့နိုင်ငံဟာ ခွဲစိတ်ကုသရမည့် ရောဂါဆိုးကြီး အမြစ်တွယ်စွဲကပ်ခံနေရတဲ့ အခြေအနေပါ။ အဲဒီအခြေအနေဆိုးကြီး၊ အဲဒီရောဂါဆိုးကြီး ဖြစ်နေတုန်းက ဒို့နိုင်ငံကို ဘယ်နိုင်ငံကမှ ဂရုမစိုက်ကြဘူး။ ကုလသမဂ္ဂကလဲ အရေးမလုပ်ဘူး။ ဖြစ်ချင်ရာဖြစ် ကျီးထိုးထိုး၊ လင်းတထိုးထိုးဆိုပြီး ပစ်ထားကြတယ်။ ဒို့တစ်တွေဟာ ဒို့နိုင်ငံရဲ့ အမြစ်တွယ်နေတဲ့ ရောဂါဆိုးကြီးကို ၁၉၈၈ မှာ ခွဲစိတ်ကုသခဲ့ကြတယ်။ ဒီလိုခွဲစိတ်ကုသတဲ့အတွက် တန်ဖိုးကြီးစွာ ပေးဆပ်ခဲ့ကြရတယ်။ ၁၉၈၈နောက်ပိုင်းမှာ ခွဲစိတ်ကုသခံခဲ့ရတဲ့ ဒို့နိုင်ငံကို နာလန်ထလာအောင် နိုင်ငံတော်အစိုးရနဲ့ ပြည်သူအများက ဝိုင်းဝန်း ကြိုးစားနေကြတယ်။ နာလန်ထစ နိုင်ငံတော်ကြီးကို နောက်တစ်ကြိမ် ထပ်ပြီး မခွဲစိတ်ချင်ပါနဲ့။ ခွဲစိတ်ဖို့လဲ မကြိုးစားပါနဲ့။ နာလန်ထစ လူနာကို ခွဲစိတ်မှုဟာ ဆိုးကျိုးကိုပဲဖြစ်စေမယ် ညီလေး။

ညီလေး မင်းကိုနိုင် – ယနေ့ မြန်မာ့တပ်မတော်ဟာ အစဉ်အလာ ကောင်းခဲ့သော တပ်မတော်ဖြစ်တယ်။ ဒီလိုအစဉ်အလာကောင်းသော တပ်မတော်ဖြစ်လာအောင် တပ်မတော်သားတွေရဲ့ အသက်ခန္ဓာတွေ အများကြီး ပေးဆပ်ခဲ့ကြရတယ်။ အစ်ကိုနဲ့လက်တွဲခဲ့ကြတဲ့ တပ်ကြပ် ငွန်ကစ်ကျန်၊ တပ်ကြပ်မြင့်ထွန်း၊ ဒုတပ်ကြပ်မြင့်ဆွေတို့ဟာ အစ်ကိုတို့ရဲ့ အသက်အိုးအိမ်လုံခြုံရေးအတွက် သူတို့အသက်တွေ ပေးသွားခဲ့ကြတယ်။ ဒါ အစ်ကိုလက်တွဲခဲ့ဖူးတဲ့ တပ်မတော်သားဆယ်ယောက်၊ ဆယ့်ငါးယောက် လောက်ထဲကပါ။ ဒို့တိုင်းပြည်မှာ တိုင်းပြည်နဲ့လူမျိုး အကျိုးအတွက် အသက်ခန္ဓာပေးလှူသွားခဲ့တဲ့ တပ်မတော်သားတွေ ထောင်သောင်းချီပြီး ရှိပါတယ်။ ဒီနေ့ နိုင်ငံကို ဦးဆောင်အုပ်ချုပ်နေတဲ့ တပ်မတော်ခေါင်းဆောင် တွေဟာလဲ တိုင်းပြည်နဲ့လူမျိုးအကျိုးအတွက် မိမိအသက်ကို ပဓာန မထားဘဲ စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့တဲ့သူတွေပါ။ ကံကောင်းထောက်မလို့ မသေဘဲကျန်ခဲ့သူတွေပါ။ ဒီလိုအစဉ်အလာကောင်းတဲ့ တိုင်းပြည်နဲ့လူမျိုး အကျိုးအတွက်ဆိုရင် မိမိအသက်ကိုပါ စွန့်ရဲတဲ့ တပ်မတော်သားမျိုးတွေနဲ့ ဒီနေ့ဒီအချိန်မှာ အစ်ကိုတို့ လက်တွဲ ကြဖို့လိုတယ်။ ဒီလိုလက်တွဲကြရာမှာ မိမိအကျိုးရှိမှာ၊ မိမိအကျိုးထိခိုက်မှာကို လုံးဝထည့်မတွက်ဘဲ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကောင်းစားရေးအတွက်ဆိုတဲ့ ဦးတည်ချက်နဲ့ လက်တွဲ လုပ်ဆောင်ကြမယ်ဆိုရင် နိုင်ငံသားအများစုက ဝမ်းပန်းတသာ ကြိုဆို ကြမှာပါ ညီလေး။

စာမျက်နှာ ၇ ကော်လံ ၁ သို့

> ညီလေး မင်းကိုနိုင် - ဒီအဖြစ်အပျက်တွေကိုကြည့်ရင် အစ်ကိုတို့ဟာ နိုင်ငံနဲ့ လူမျိုးအကျိုးအတွက် လိုအပ်လာလျှင် နိုင်ငံတော်ရဲ့တစ်ခုတည်းသော တပ်မ တော်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ ဒီလို ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် မလိုလားတဲ့ သူတွေက ရန်သူနဲ့ပေါင်းတယ်လို့ပြောလဲ ဂရုစိုက်စရာမလိုဘူး။ မိမိ ဂုဏ်ငယ်၊ ဂုဏ်သိမ်မှာကို ထည့်တွက်စရာမလိုဘူး။ မိမိအကျိုး ထိခိုက်မှာ၊ မိမိ အသက်အန္တရာယ် ဖြစ်မှာကိုလဲ ကြောက်စရာမလိုဘူး။ တစ်ခုတော့ရှိတယ် နိုင်ငံနဲ့ လူမျိုးအကျိုးကို ဗန်းပြပြီး မိမိပုဂ္ဂလိကအကျိုးစီးပွားအတွက် ရိုက်စားလုပ် ပူးပေါင်းဆောင်ရွက်တာမျိုး ကိုတော့ အစ်ကိုလက်မခံပါဘူး။

26-11 (06) 1 11/26/06, 1:46 PM

## စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ရွှေပြားလှည့်လည်အပူဇော်ခံမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

(၁၆)ကြိမ်မြောက် စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ရတနတ္တယ သမဂ္ဂအသင်းကြီး၏ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်၊ ရွှေသား၊ ရွှေပြားသက်န်းတော်ဆက်ကပ် လှူဒါန်းလှည့်လည်ပူဇော်ပွဲကိုစမ်းချောင်းမြို့နယ်အတွင်း ရပ်ကွက်အသီးသီးသို့ ဒီဇင်ဘာ၁ရက်နှင့် ၂ရက်တို့တွင် လှည့်လည်ပူဇော်ပြီး ဒီဇင်ဘာ၃ရက်တွင် ကြည့်မြင်တိုင်မြို့နယ်အတွင်းသို့ လှည့်လည်အပူဇော်ခံမည်ဖြစ်ရာ ရွှေပြားသက်န်းတော် ရေစက်ချအခမ်းအနားကြီးတွင် ဓမ္မပူဇာသဘင် ကိုးရက်တိုင်တိုင် ကျင်းပပူဇော်မည်ဟု သိရသည်။ **(က-ပ)**





**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ (၁၆)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော် သေနတ်ပစ် အသင်းအား အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များသေနတ်ပစ်ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းအား ပို့ဆောင်နှုတ်ဆက်

**ရန်ကုန် နိုဝင်ဘာ ၂၅**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် (၁၆)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်သည်။

### လေကြောင်းခရီးဖြင့်ထွက်ခွာ

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတွင် နိုဝင်ဘာ၂၅ရက်မှ ဒီဇင်ဘာ၈ရက်အထိကျင်းပမည့် (၁၆)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ဗိုလ်မှူးကြီးသန်းဦးခေါင်းဆောင်သောအဖွဲ့ဝင် ၄၂ဦးပါ မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းသည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

### ပို့ဆောင်နှုတ်ဆက်

အဆိုပါ မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းအား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်၊ တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းမထွက်ခွာမီ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမ၌ မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းမှ အသင်းခေါင်းဆောင်၊ အုပ်ချုပ်သူ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားသမားများအားတွေ့ဆုံ၍ အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်နှင့်အညီ ယခုပြိုင်ပွဲတွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အရင်းတည်၍ တပ်မတော်၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းလျက် စိတ်ဓာတ်၊ စည်းကမ်း၊ လုံ့လဝီရိယအပြည့်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရေး၊ ပြီးခဲ့သည့် ပြိုင်ပွဲအတွေ့အကြုံများကို အခြေခံ၍ ယခုပြိုင်ပွဲတွင် ပိုမိုအောင်မြင်မှုရရှိရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။ **(သတင်းစဉ်)**

## တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

၂၀၀၆ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့်နေရာများ၌ ယနေ့ညနေပိုင်းတွင်ကျင်းပရာ (က)အုပ်စု ရတခဇုန်(မော်လမြိုင်)၌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခ ဇုန်(ပုသိမ်)၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု တပခဇုန်(တောင်ငူ)၌ အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန်(မန္တလေး)၌ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ (င)အုပ်စု ရကတဇုန်(ရန်ကုန်)၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းနှင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းတို့ နှစ်ဂိုးစီသရေဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ(၆)ဆောင်းပါးမှအဆက်**

ညီလေး မင်းကိုနိုင် - ညီလေးဟာ အကျဉ်းထောင်ထဲမှာ ၁၅နှစ် လောက်နေခဲ့ရပြီး အပြင်လောကနဲ့ အဆက်အသွယ် ပြတ်သွားခဲ့ရတယ်။ ၂၀၀၄ခုနှစ်နှောင်းပိုင်း နိုင်ငံတော်မှာ အပြောင်းအလဲအချို့ ဖြစ်ခဲ့တယ်။ နောက်များမကြာမီ ညီလေးကို လွှတ်ပေးလိုက်တယ်။ ဒီအခြေအနေမှာ ညီလေးဟာ နိုင်ငံတော်မှာဖြစ်ပျက်နေတဲ့ ဖြစ်ရပ်မှန်တွေ၊ နိုင်ငံတော်ဒေသအသီးသီးရဲ့ သဘာဝသယံဇာတ အခြေအနေတွေ၊ ခွဲဝေသုံးစွဲနိုင်မှု အခြေအနေတွေ၊ အလွှာအသီးသီးမှာရှိတဲ့ လူတွေရဲ့ လူနေမှုအဆင့်အတန်းတွေ၊ စိတ်ဓာတ်တွေ၊ အကျင့်စရိုက်တွေကို သိရှိဖို့လိုတယ်။ ဒီလိုသိလာရအောင် နိုင်ငံဒေသအသီးသီးသို့သွားရောက်ဖို့ လိုအပ်တယ်။ အထူးသဖြင့် မဖွံ့ဖြိုးသေးတဲ့၊ မအေးချမ်းသေးတဲ့ နယ်မြေတွေကို သွားရောက်နေထိုင်ပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်သင့်တယ်လို့ အစ်ကို ယူဆတယ်။ ဒီလိုပြောလိုက်လို့ ညီလေးကို နိုင်ငံရေးကနေ စိတ်ပြောင်းသွားအောင် စီးပွားရေးနဲ့မြူဆွယ်တယ်လို့ မထင်လိုက်ပါနဲ့။ စီးပွားရေးလုပ်တယ်ဆိုတာလဲ နိုင်ငံအကျိုးအတွက်ပါပဲ။ နိုင်ငံအကျိုးအတွက် ဒုက္ခ၊ သုက္ခ အဆင်းရဲအပင်ပန်းခံပြီး လုပ်ကိုင်နေကြရတဲ့ လယ်ယာလုပ်ငန်းရှင်တွေ၊ ခြံလုပ်ငန်းရှင်တွေ၊ မွေးမြူရေးလုပ်ငန်းရှင်တွေ၊ စက်မှုလုပ်ငန်းရှင်တွေ၊ အရောင်းအဝယ်လုပ်ငန်းရှင်တွေ အများကြီးပါ။ တချို့ဆိုလုပ်ငန်းရှင်ဆိုပေမယ့် လိုင်းကားတိုးစီးပြီးလုပ်နေကြတယ်။ ကားတစ်စီး သိန်းငါးရာ၊ တစ်ထောင်ဖြစ်နေတယ်ဆိုတော့ ဘယ်ကားဝယ်နိုင်ပါ့မလဲ။ ကားစီးနေတဲ့ လုပ်ငန်းရှင်တော်တော်များများဟာလဲ ကားတစ်စီးကို လေး၊ ငါးသိန်းပေးရတဲ့အချိန်က ဝယ်ထားကြလို့ပါ။ အချို့က ကိုယ့်ကားကို သိန်းတစ်ရာလောက်ရတော့ ထုတ်ရောင်းလိုက်ကြတယ်။ ရောင်းရတဲ့ငွေကို စီးပွားရေးအလုပ်ထဲ ထည့်လိုက်ကြတယ်။ ကားဈေးက သိန်းငါးရာ၊ တစ်ထောင်ဖြစ်သွားတော့ ပြန်မဝယ်နိုင်တော့ဘူး။ ပြန်ဝယ်နိုင်တယ် ထားဦး။ သိန်းငါးရာ၊ တစ်ထောင်ဆိုတဲ့ငွေကို ရင်းနှီးမြှုပ်နှံမှုလုပ်လိုက်ရင် ကိုယ့်သားသမီးနောင်ရေးအတွက်ရော၊ ကိုယ့်နိုင်ငံအတွက်ပါ အများကြီး အကျိုးရှိတယ်ဆိုတော့ ကားဝယ်မစီးကြတော့ဘူး။ ဒီတော့ ယခုလို တိုင်းပြည်ကြီးကို ပြည်သူလူထုအများစုက ဒုက္ခ၊ သုက္ခခံပြီး ပြန်လည်ထူထောင်နေချိန်မှာ ညီလေးလဲ လိုင်းကားတိုးစီးရင်း၊ ရထားတိုးစီးရင်း စီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်စေချင်ပါတယ်။ ညီလေးဟာ ရန်ကုန်သားဖြစ်လို့ ရန်ကုန်အတွေ့အကြုံကို ရပြီးတာမို့ ဖြစ်နိုင်ရင် ကရင်ပြည်နယ်တို့၊ မွန်ပြည်နယ်တို့၊ တနင်္သာရီတိုင်းတို့ဘက်မှာ လုပ်စေချင်တယ်။ အစ်ကို့လုပ်ငန်းတွေလဲ အဲဒီဘက်မှာရှိတယ်။ ညီလေးလုပ်ကိုင်ချင်တဲ့ ဆန္ဒရှိရင် အစ်ကိုအစစအရာရာ ကူညီပေးပါမယ်။ ဒီပြည်နယ်နဲ့တိုင်းတွေဘက်ကို မသွားချင်ရင် တောင်ငူ၊ ညောင်လေးပင်ဘက်က ကျေးရွာတွေ၊ ရွှေကျင် ကျောက်ကြီးဘက်က ကျေးရွာတွေမှာ သွားရောက်လုပ်ကိုင်ရင်လဲ အတွေ့အကြုံကောင်းတွေ ရနိုင်ပါတယ် ညီလေး။

ညီလေး မင်းကိုနိုင် - အစ်ကိုတို့ကျောင်းတုန်းက သင်ခဲ့ရတဲ့ အာခိမိဒိနိယာမကို ပြန်သတိရမိတယ်။ တိုင်းပြည်ကို အုပ်ချုပ်မင်းလုပ်တဲ့ ဘုရင်ကြီးက သူဆောင်းဖို့ ရွှေသရဖူတစ်ခု ပန်းထိမ်ဆရာကို လုပ်ခိုင်းတယ်။ ပန်းထိမ်ဆရာလုပ်ပေးတဲ့ ရွှေသရဖူဟာ ရွှေစစ်မစစ်၊ ကြေးရော မရော ဘုရင်ကြီးကသိချင်တယ်။ ဒါကြောင့် သိပ္ပံပညာရှင် အာခိမိဒိကို တာဝန်ပေးတယ်။ အာခိမိဒိဟာ ဘုရင်ကြီးရဲ့ ရွှေသရဖူ ရွှေစစ်မစစ်ကို ဘယ်လိုစစ်ဆေးရမယ်ဆိုတာ အကြံအိုက်နေရတယ်။ ဒီလိုအကြံအိုက်ရင်းနဲ့ပဲ တစ်နေ့မှာ အာခိမိဒိဟာ ရေချိုးခန်းထဲက ရေဇလုံကြီးထဲ ဝင်စိမ်လိုက်တယ်။ အဲဒီရေဇလုံကြီးထဲ စိမ်တဲ့အတွေ့အကြုံကနေ ဘုရင်ကြီးရဲ့ သရဖူ ရွှေစစ်မစစ် ဘယ်လိုစစ်ဆေးရမယ်ဆိုတဲ့အဖြေကို အာခိမိဒိ သိသွားတယ်။ အာခိမိဒိလဲ ဝမ်းသာအားရနဲ့ ရေချိုးခန်းထဲကနေ အဝတ်အစားမပါဘဲ ပြေးထွက်လာပြီး လမ်းမပေါ်မှာ ကိုယ်လုံးတီးနဲ့ အဖြေတွေ့ပြီ၊ အဖြေတွေ့ပြီလို့ အော်နေတော့တယ်။ ဒီအဖြစ်အပျက်ကိုကြည့်ရင် အဖြေမှန်တစ်ခုရဖို့အတွက် အတွေ့အကြုံဆိုတာ လိုပါတယ် ညီလေး။ ဒါကြောင့် ညီလေးဟာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အတွေ့အကြုံကောင်းတွေရဖို့အတွက် နယ်စွန်နယ်ဖျားက ကျေးလက်ဒေသတွေမှာနေထိုင်ပြီး စီးပွားရေးလုပ်ငန်း လုပ်သင့်တယ်။ အဲဒီအခါမှာ ညီလေးဟာ အတွေ့အကြုံ ကောင်းတွေရလာပြီး မြန်မာနိုင်ငံအတွက် ညီလေးတို့ ဖြေရှင်းနေတဲ့ ပြဿနာရဲ့ အဖြေမှန်ကို တွေ့လာလိမ့်မယ်။ ညီလေး နယ်စပ်ဒေသတွေမှာ စီးပွားရေး လုပ်မယ်ဆိုရင် အစ်ကို လက်ကမ်းကြိုဆိုနေပါမယ်။

ညီလေး မင်းကိုနိုင် - အစ်ကိုဟာ ဘယ်ပါတီ၊ ဘယ်အသင်းအဖွဲ့ဝင်မှ မဟုတ်ပါဘူး။ ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်သော်လဲ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းတို့ကို မဝင်ခဲ့ပါဘူး။ လူကြီးတစ်ယောက်က ငါးလုပ်ငန်းအဖွဲ့ချုပ်သို့ဝင်ရန်ပြောပြီး ဝင်ခွင့်ပုံစံပေးတာတောင် အစ်ကိုမဝင်ခဲ့ဘူး။ အစ်ကိုဟာ ရန်ကုန်တိုင်းမ်နဲ့ 7DAY ဂျာနယ်တွေမှာ (ငါးမင်းဆွေ) ကလောင်နာမည်နဲ့ ဆောင်းပါးတွေရေးပါတယ်။ အစ်ကိုစာရေးတဲ့အခါမှာ ဘယ်သူ၊ ဘယ်ဝါရဲ့ လွှမ်းမိုးမှုကိုမှ မခံယူပါဘူး။ ကိုယ့်အမြင်၊ ကိုယ့်အတွေးအခေါ် အယူအဆအတိုင်းပဲ လွတ်လွတ်လပ်လပ်ရေးပါတယ်။ ကိုယ့်ဝမ်းနာ ကိုယ်သိ ဆိုသလို စာရေးခြင်းတွင် ထင်ပေါ်လာတာနဲ့အမျှ အစ်ကို့အတွက် မကောင်းဘူးဆိုတာလဲ သိတယ်။ ရန်ကုန်တိုင်းမ်ဂျာနယ်မှာ အစ်ကိုရေးခဲ့တဲ့ 'ခြလား၊ ပျားလား' ဆောင်းပါးမှာ ဆိုရင် "ခြအုံစွဲသည့် အခြေအနေမျိုးသို့ ရောက်နေသော နိုင်ငံတစ်နိုင်ငံတွင် လူနည်းစုခြတို့သာ ကြီးပွားချမ်းသာကြပြီး နိုင်ငံသားလူများစု၏ ဘဝတို့မှာ မရေမရာဖြစ်ကြရသည်။ ကျွန်တော်တို့သည် နိုင်ငံနှင့်လူမျိုးကို ကိုက်ဖဲ့စားသောက်နေသော ခြများ မဖြစ်သင့်ကြပါ။ နိုင်ငံနှင့်လူမျိုးကို ကိုက်ဖဲ့စားသောက်ရင်း သေခြင်းသို့ မရောက်သင့်ပါ။

ခြစွဲ၊ ခြစားခြင်းကို ခံရသောနိုင်ငံကား အချိန်မီကုစားပြုပြင်ခြင်း မလုပ်နိုင်ခဲ့ပါလျှင် ချည့်နဲ့ပျက်စီး၊ ယိုင်လဲသွားနိုင်ပါသည်"လို့ အစ်ကို့ အယူအဆကို လွတ်လွတ်လပ်လပ်ပဲရေးခဲ့တယ်။ ဒီစာကို အစ်ကို့ သဘောဆန္ဒတစ်ခုတည်းနဲ့ လွတ်လွတ်လပ်လပ်ရေးလိုက်တာပါ ညီလေး။

ညီလေး မင်းကိုနိုင် - ညီလေးသိလာ၊ မြင်လာအောင် နောက်ဆုံး အနေနဲ့ ကိုယ့်ကိုယ်ကိုဖော် မသူတော်လုပ်ပါမယ်။ အစ်ကို့မှာ ငါးကန်တွေရှိပါတယ်။ ဆားကွင်းတွေလဲ ရှိပါတယ်။ ငါးမွေးတာက ငါးစာဈေးကြီးလို့ ဒီနှစ်တွေမှာ အမြတ်မရှိပါဘူး။ ပြည်သူလူထု ငါးစားရတာ၊ တိုင်းပြည်မှာ နိုင်ငံခြားသုံးငွေ တိုးပွားလာတာ အမြတ်ပေါ့။ ဆားကတော့ ဒီနှစ်ဈေးကောင်းပါတယ်။ ဆားရောင်းပြီးရင် ငွေပိုငွေလျှံထွက်လာပါမယ်။ ဒီငွေနဲ့ ငါးမွေးမြူရေးမဖွံ့ဖြိုးသေးတဲ့ ကရင်ပြည်နယ်မှာ ငါးကန်တူးဖို့ စဉ်းစားနေတယ်။ ဒီလိုလုပ်ငန်းကြီးတွေ ပိုင်ဆိုင်လို့ အထင်မကြီးပါနဲ့ ညီလေး၊ ကိုယ်ပိုင်ကားတစ်စီး မရှိသေးပါဘူး။ အစ်ကိုတို့လို စီးပွားရေး လုပ်ငန်းရှင်တွေတောင် ဒီလိုအခက်အခဲ ဖြစ်နေကြရင်၊ လူနေမှုအဆင့်တွေ နိမ့်ကျနေကြရင် ကျန်တဲ့အခြေခံလူတန်းစား မြန်မာနိုင်ငံသား အများစုတွေမှာ ဘယ်လိုအခက်အခဲတွေ၊ အကျပ်အတည်းတွေ ရှိနေကြမယ်ဆိုတာ နားလည်ကြဖို့၊ သိကြဖို့၊ ကိုယ်ချင်းစာကြဖို့ ကောင်းပါပြီ။ ဒါကြောင့် ဒို့နိုင်ငံသားအများစု ကြီးပွားချမ်းသာဖို့၊ လူနေမှုအဆင့်အတန်း မြင့်မားဖို့အတွက် ဟိုဟာ ဒီဟာတွေ ခဏထားပြီး ဒို့တစ်တွေ မဖြစ်မနေ ညီညွတ်ကြရမယ်။ ရှင်းတယ်နော် ညီလေး။ ။

**အစ်ကို**
**၇၅ မင်းဆွေ**

26-11 (07) 1 11/26/06, 1:46 PM





**အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်။** (မြန်မာ့အလင်း)

* ရှေ့ဖုံးမှ

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာ နိုင်ငံသူနာပြုအသင်း၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ ပေးပို့သော သဝဏ်လွှာကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဖတ်ကြားသည်။

**(ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို သီးခြားဖော်ပြထားပါသည်။)**

# နိုင်ငံတကာအဆင့်မီ ပရဆေးဥယျာဉ်ကြီး တင့်တင့်တယ်တယ် ပြည့်မြောက်အောင်မြင်စွာ ဖြစ်ထွန်းလာစေရန် ဝိုင်းဝန်းကူညီ

## ဂုဏ်ယူဝင့်ကြွား

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် အစွမ်းထက်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ အဆင့်အတန်းမြင့်မားသည့် မြန်မာ့အနုသုခုမပညာရပ်များ၊ နက်နဲသိမ်မွေ့သည့် ပန်းဆယ်မျိုး၊ မြန်မာ့လက်မှုအနုပညာရပ်များ စသည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ပညာရပ်များဖြင့် လွှမ်းစွာမှ ပြည့်ဝစုံလင်လှသည့် ဂုဏ်ယူဝင့်ကြွားဖွယ် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

ထို့ကြောင့် အမျိုးသားရေး ဂုဏ်ဒြပ်များဖြစ်သည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ပညာရပ်များကို အချိန်ကာလ၏ တိုက်စားမှုဒဏ်၊ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှုဒဏ်တို့ကြောင့် ယိုယွင်းတိမ်းပါးမသွားစေရအောင် ထိန်းသိမ်းစောင့်ရှောက်ရင်း ရိုးရာအမွေအနှစ်ပညာရပ်များ ခေတ်နှင့်ရင်ပေါင်တန်းပြီး နည်းလမ်းတကျ ဖွံ့ဖြိုးတိုးတက်ထွန်းကားပြန့်ပွားစေရအောင် နိုင်ငံတော်အစိုးရက အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း။

## သမိုင်းအထောက်အထား

မြန်မာ့တိုင်းရင်းဆေးပညာရပ်များသည် မြန်မာ့ခေတ်သစ် သမိုင်းဦးအစဟု ဆိုရမည့် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ မြို့ပြနိုင်ငံများ၏ ခေတ်ကာလများမှာ အခြေခိုင်ခဲ့သည့် ဆေးပညာရပ်များအဖြစ် တင့်တင့်တယ်တယ် တည်ရှိနေခဲ့ပြီဆိုသည်မှာ ခိုင်မာသည့် သမိုင်းအထောက်အထားများ ရှိထားပြီးဖြစ်ကြောင်း။

ရှည်လျားခိုင်မာသည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာတိုင်းရင်းဆေးသမားတော်ကြီးများ၊ မှူးမတ်ပညာရှိများ၊ ကျမ်းပြုသုတေသီ ရဟန်းပညာရှင်များ၏ ပြုစုပျိုးထောင်ပေးခဲ့မှု အကျိုးကျေးဇူးများကြောင့် အညွန့်အခက်ဝေဆာသည့် ဆေးပညာရပ်များအဖြစ် အဆင့်ဆင့်တိုးတက်ဖြစ်ထွန်းလာခဲ့သည့်အတွက် ယနေ့ထက်တိုင် တစ်မျိုးသားလုံး ဂုဏ်ယူလေးစားအားထားဖွယ် ရိုးရာဆေးပညာရပ်တစ်ခုအဖြစ် ခိုင်ခိုင်မာမာရပ်တည်နေနိုင်ခြင်း ဖြစ်ကြောင်း။

## ဆီလျော်ညီညွတ်

မြန်မာ့သမိုင်းစဉ်တစ်လျှောက် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းမှာ အဆင့်ဆင့် တိုးတက်ဖြစ်ထွန်းလာခဲ့သည့်အတွက် မြန်မာတိုင်းရင်းဆေးပညာရပ်များသည် မြန်မာလူမျိုးတို့ ယုံကြည်ကိုးကွယ်ရာ ထေရဝါဒဗုဒ္ဓသာသနာ၏ ဒေသနာတော်များ မြန်မာ့လူမှုဓလေ့စရိုက် အစဉ်အလာများ၊ ရိုးရာတွေးခေါ်မြော်မြင်မှု အယူအဆများ၊ ပေါင်းစည်းစိမ့်ဝင် ထုံမွှမ်းနေသကဲ့သို့ မြန်မာ့တိုင်းရင်းဆေးပညာ၏ ဆေးဝါး၊ ကုထုံးအသွယ်သွယ်တို့သည်လည်း မြန်မာ့ရေမြေသဘာဝ၊ ဥတုရာသီ၊ မြေထွက် ရေထွက် တိရစ္ဆာန်ထွက် သယံဇာတများနှင့် ဆီလျော်ညီညွတ်စွာ ဖြစ်ထွန်းနေသည်ကို တွေ့ကြရမည် ဖြစ်ကြောင်း။

ယင်းသို့ ကောင်းမြတ်သည့် ဂုဏ်ဒြပ်များနှင့် ပြည့်စုံကုံလုံနေသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို ရိုးရာယဉ်ကျေးမှုအမွေအနှစ် ပညာရပ်တစ်ခုအဖြစ်နှင့်သော်လည်းကောင်း၊ ခေတ်အဆက်ဆက်၌ မြန်မာလူမျိုးတို့ကို ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်မြင့်မားသည့် လူမျိုးဖြစ်လာစေရအောင် စောင့်ရှောက်ပေးခဲ့သည့် အစွမ်းထက်သည့် ရိုးရာဆေးပညာရပ်တစ်ခုအဖြစ်နှင့်သော်လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ရင်း ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက် အရှည်တည်တံ့ ထွန်းကားပြန့်ပွားစေရအောင် အားပေး မြှင့်တင်ပေးရမည့် တာဝန်သည် ယနေ့ တိုင်းရင်းဆေးသမားတော်ကြီးများနှင့်တကွ မျက်မှောက်ခေတ် နိုင်ငံသူနိုင်ငံသားအားလုံးအပေါ်တွင် ကျရောက်လျက်ရှိနေပြီဖြစ်ကြောင်း။

## လမ်းညွှန်ပေးထား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို ရိုးရာအစဉ်အလာမပျက် ထက်မြက်သည့် အာနိသင်များ မယိုယွင်း မလျော့ပါးစေဘဲ နည်းလမ်းတကျ ဆက်လက်ရှင်သန် ထွန်းကားစေရအောင် အားပေးဆောင်ရွက်သွားဖို့၊ မြန်မာ့တိုင်းရင်းဆေးပညာရပ်နှင့် တိုင်းရင်းဆေးဝါးများကို ခေတ်မီ ပစ္စည်းကိရိယာများ၊ ခေတ်မီနည်းစဉ်များနှင့် ပေါင်းစပ်ပြီး စနစ်တကျ သုတေသနပြု စံချိန်စံညွှန်းဖော်ထုတ်သွားရန်နှင့် ခေတ်မီ သိပ္ပံပညာ၏ ဆန်းစစ်မှုကို ခံယူနိုင်သည့် ဆေးပညာရပ်တစ်ခုအဖြစ် နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လမ်းညွှန်ပေးထားပြီး ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာ့တိုင်းရင်းဆေးပညာရပ်များကို ရိုးရာအစဉ်အလာ အာနိသင်မပျက် ရှင်သန်ထွန်းကားစေရေးအပိုင်းတွင် မှေးမှိန်ပျောက်ကွယ်လုဖြစ်နေသည့် ဆေးပညာရပ်များ၊ တတ်ကျွမ်းနားလည်သည့် တိုင်းရင်းဆေးသမားတော်ကြီးများ၊ တိမ်မြုပ်ပျောက်ကွယ်နေသည့် ဆေးပညာဆိုင်ရာ ပေပုရပိုက်များနှင့် ပရဆေးကျမ်းများ၊ အစွမ်းထက်ကုထုံးများ၊ အာနိသင်ထက်မြက်သည့်ဆေးဝါးများ၊ အဖိုးထိုက်တန်လှသည့် ဆေးဖက်ဝင် ပရဆေးပင်နှင့် ဆေးဖက်ဝင် သဘာဝသယံဇာတများ ပြန်လည်ဖော်ထုတ်နိုင်စေရန် နိုင်ငံတော်အစိုးရက အဘက်ဘက်က အားပေးဆောင်ရွက်လျက်ရှိကြောင်း။

## ပြန်လည်ဖော်ထုတ်

အထူးသဖြင့် နိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်း ဒေသအသီးသီးတွင် ပျံ့နှံ့ရောက်ရှိနေသည့် တိုင်းရင်းဆေးသမားတော်ကြီးများ၊ ဒေသအလိုက်၊ သမားစဉ်အလိုက်၊ အသင်းအဖွဲ့အလိုက် ပြန့်ကျဲတည်ရှိနေသည့် ဆေးပညာရပ်အသွယ်သွယ်၊ ကုထုံးကုနည်းအမျိုးမျိုး၊ အစွမ်းထက်သည့် ဆေးဝါးအဖုံဖုံတို့ကို ပြန်လည်ဖော်ထုတ် စုစည်းနိုင်စေရန် နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ပြည်နယ်၊ တိုင်း၊ မြို့ကြီးများအသီးသီးတွင် အလှည့်ကျကျင်းပပေးခဲ့သည့် တိုင်းရင်းဆေးပညာဆွေးနွေးပွဲများမှသည် အမျိုးသားအဆင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကြီး သတ္တမအကြိမ်မြောက် အောင်မြင်ဖြစ်ထွန်းနေသည်အထိ အနယ်နယ်အရပ်ရပ်က မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ နှစ်စဉ် ဆုံစည်းပညာဖလှယ်ကြသည့် အစဉ်အလာကောင်းများ ယနေ့ ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းလာခဲ့ခြင်းပင်ဖြစ်ကြောင်း။

ထူးခြားလေးနက်သည့် အောင်မြင်ဖြစ်ထွန်းမှုတစ်ရပ်မှာ မြန်မာ့တိုင်းရင်းဆေးပညာရပ်အသီးသီး၏ ကောင်းမြတ်သည့် အကျိုးအာနိသင်အမျိုးမျိုး၊ ထက်မြက်သည့် အစွမ်းသတ္တိအဖုံဖုံတို့ကို ညီညွတ်စွာ ပေါင်းစည်းပေးနိုင်မည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များအသင်းကြီး ပေါ်ထွန်းလာခဲ့ခြင်းပင်ဖြစ်ကြောင်း။



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံသို့ ပေးပို့သောသဝဏ်လွှာကို ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဖတ်ကြားစဉ်။** ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

**နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသည့် လမ်းညွှန်မှု၊ နိုင်ငံတော်အစိုးရ၏ မူဝါဒမှန်ကန်မှုနှင့် စနစ်တကျ အားပေးဆောင်ရွက်မှု၊ တိုင်းရင်းဆေးသမားတော်ကြီးများ၏ တစ်စိတ်တစ်ဝမ်းတည်း စုစည်းညီညွတ်စွာ ပေါင်းစည်းအားထုတ်မှုများကြောင့် ယနေ့အချိန်အခါတွင် မြန်မာ့တိုင်းရင်းဆေးပညာသည် တစ်ချိန်သောအခါက မြန်မာ့ထီးရိုပ်နန်းရိပ်တွင် အောင်မြင် တောက်ပြောင်ခဲ့သည့် တော်ဝင်နန်းထိုက် ဆေးပညာရပ်တစ်ခု၏ အဆင့်အတန်းကို ပြန်လည်ရောက်ရှိစပြုနေပြီဖြစ်သကဲ့သို့ မြန်မာနိုင်ငံသူ နိုင်ငံသားများအကြား ကျေးလက်ရော မြို့ပြမှာပါ ပြန်လည်ရေပန်းစားပြီး ကျယ်ကျယ်ပြန့်ပြန့် အားထား အသုံးပြုလာကြသည်ကိုလည်း တွေ့မြင်နေရပြီ။**

# တိုင်းရင်းဆေး သမားတော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်



**အမျိုးသား ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တိုင်းရင်းဆေး ကောင်စီဝင် သမားတော်ကြီးများနှင့် ညီလာခံသို့ တက်ရောက်လာသည့် တိုင်းရင်းဆေး သမားတော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

## အကျိုးရလဒ်ကောင်းများ

အလားတူပင် မြန်မာ့တိုင်းရင်းဆေးပညာရပ်များနှင့် တိုင်းရင်းဆေးဝါးများကို ခေတ်မီပစ္စည်းကိရိယာများ၊ ခေတ်မီနည်းစဉ်များနှင့် ပေါင်းစပ်သုတေသနပြု၊ စံချိန်စံညွှန်းများဖော်ထုတ်ရေးအပိုင်းတွင် နိုင်ငံတော်အစိုးရ ဆေးသုတေသနဌာနများက ဦးဆောင်ပြီး အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးဝါးများနှင့် ကုထုံးကုကွက်များကို သိပ္ပံနည်းကျ သုတေသနပြု၊ စံချိန်စံညွှန်းများ မှတ်တမ်းတင်မှုများ၊ ရရှိသည့် စံချိန်စံညွှန်းများနှင့်အညီ ခေတ်မီနည်းစဉ်များ အသုံးပြုပြီး ဆေးဝါးများ စမ်းသပ်ထုတ်လုပ်မှုများ၊ နိုင်ငံအတွင်းအဖြစ်များသည့် ရောဂါများ၊ အနောက်တိုင်းဆေးဝါးနှင့် ကုသ၍ မပျောက်ကင်းနိုင်သည့် ရောဂါဆန်းများအတွက် တိုင်းရင်းဆေးဝါးများ သုတေသနပြုထုတ်လုပ်မှုများ၊ အနောက်တိုင်းဆေးပညာ၊ ဆေးရုံသုံး ခေတ်မီပစ္စည်းကိရိယာများနှင့် မြန်မာ့တိုင်းရင်းဆေးပညာ ပေါင်းစပ်ကုသမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများလည်း ရရှိနေပြီဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာ နည်းလမ်းတကျ နှုန်းမီစံကိုက် ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင် အဓိကကျသည့် တိုင်းရင်းဆေးပညာ စနစ်တကျ ထွန်းကားပြန့်ပွားရေးနှင့် မျိုးဆက်သစ် တိုင်းရင်းဆေးသမားတော်များ ပြုစုပျိုးထောင် မွေးထုတ်ပေးရေးတို့အတွက် တိုင်းရင်းဆေးဆရာသင်တန်းများ၊ တိုင်းရင်းဆေးပညာ ဒီပလိုမာသင်တန်းများအပြင် အဆင့်မြင့်တိုင်းရင်းဆေး တက္ကသိုလ်ကြီးတစ်ခုလည်း ပေါ်ထွန်းနေပြီဖြစ်ကြောင်း၊ မြန်မာ့တိုင်းရင်းဆေး ပညာရပ်များ လေ့ကျင့်သင်ကြားပေးရာတွင် တညီတညွတ်တည်းဖြစ်စေရေးနှင့် ခေတ်မီတိုးတက်ရေးအတွက် နယကြီးလေးပါး၏အခြေခံများ၊ တိုင်းရင်းဆေးပညာရပ်အသီးသီး၏ အနှစ်သာရအဆီအနှစ်များ စုစည်းပြုစုထားသည့် တိုင်းရင်းဆေးပညာ သင်ရိုးညွှန်းတမ်းများအပြင် ဇီဝဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ စသည့် ဆေးဝါးပညာနှင့် ဆက်နွှယ်သည့် ခေတ်မီသိပ္ပံပညာရပ်ဆိုင်ရာ အခြေခံဘာသာရပ်များကိုပါ ထည့်သွင်းပြီး စနစ်တကျ လေ့ကျင့်သင်ကြားပေးလျက် ရှိကြောင်း။

## အဆင့်မြင့်ပြုစုပျိုးထောင်

**ယခုဆိုလျှင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နေပြည်တော်တွင် တည်ရှိပြီးဖြစ်သည့် ပရဆေးမျိုးထိန်းဥယျာဉ်ကို မြန်မာနိုင်ငံ၌ ပေါက်ရောက်သည့် ပရဆေးမျိုးကွဲမျိုးစိတ်များ ပြည့်စုံစုံလင်စွာ ထိန်းသိမ်း စိုက်ပျိုးစောင့်ရှောက်ထားပြီး ပြည်တွင်းပြည်ပ တိုင်းရင်းဆေးပညာရှင်များ လေ့လာနိုင်သည်အထိ အဆင့်အတန်းမြင့်မားသည့် နိုင်ငံတကာအဆင့်မီ ပရဆေးဥယျာဉ်ကြီးအဖြစ် အဆင့်မြင့်ပြုစုပျိုးထောင် တည်ဆောက်သွားရန် လမ်းညွှန်ခဲ့သည့်အတွက် မကြာမီသောကာလအတွင်းတွင် နိုင်ငံ၏အချက်အချာဒေသဖြစ်သည့်နေပြည်တော်၌ နိုင်ငံတကာအဆင့်မီ ပရဆေးဥယျာဉ်ကြီး တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ပေါ်ထွန်းလာတော့မည်ဖြစ်သည်ဟု သတင်းကောင်းပါးလိုကြောင်း၊ ပရဆေးဥယျာဉ်ကြီး မျှော်မှန်းချက်နှင့်အညီ ပြည့်မြောက်အောင်မြင်စွာ ဖြစ်ထွန်းလာစေရန် ဝိုင်းဝန်းကူညီပေးကြပါဟုလည်း တိုင်းရင်းဆေး သမားတော်များကို ပန်ကြားလိုကြောင်း။**

**နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသည့် လမ်းညွှန်မှု၊ နိုင်ငံတော်အစိုးရ၏ မူဝါဒမှန်ကန်မှုနှင့် စနစ်တကျ အားပေးဆောင်ရွက်မှု၊ တိုင်းရင်းဆေးသမားတော်ကြီးများ၏ တစ်စိတ်တစ်ဝမ်းတည်း စုစည်းညီညွတ်စွာ ပေါင်းစည်းအားထုတ်မှုများကြောင့် ယနေ့အချိန်အခါတွင် မြန်မာ့တိုင်းရင်းဆေးပညာသည် တစ်ချိန်သောအခါက မြန်မာ့ထီးရိပ်နန်းရိပ်တွင် အောင်မြင်တောက်ကြွားခဲ့သည့် တော်ဝန်နန်းထိုက် ဆေးပညာရပ်တစ်ခု၏ အဆင့်အတန်းကို ပြန်လည်ရောက်ရှိစပြုနေပြီ ဖြစ်သကဲ့သို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအကြား ကျေးလက်ရော မြို့ပြမှာပါ ပြန်လည်ရေပန်းစားပြီး ကျယ်ကျယ်ပြန့်ပြန့် အားထားအသုံးပြုလာကြသည်ကိုလည်း တွေ့မြင်နေရပြီဖြစ်ကြောင်း။**

## အောင်မြင်ဖြစ်ထွန်း

ထို့အပြင် ပြည်နယ်၊ တိုင်း၊ မြို့ကြီးများ၌ နိုင်ငံတော်အစိုးရ၏ တိုင်းရင်းဆေးရုံကြီးများ ပေါ်ထွန်းနေပြီဖြစ်သကဲ့သို့ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်မှုနည်းစဉ်များ၊ ထုပ်ပိုးသိုလှောင်မှုစနစ်များ အသုံးပြုထုတ်လုပ်သည့် ခေတ်မီတိုင်းရင်းဆေးဝါး လုပ်ငန်းကြီးများလည်း ပုဂ္ဂလိက ကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့် အောင်အောင်မြင်မြင် ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတကာကိုကြည့်လျှင်လည်း ဓာတုဗေဒနည်းအရ ထုတ်လုပ်သည့် အနောက်တိုင်းဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးများ ဈေးနှုန်းကြီးမြင့်မှုများကြောင့် သဘာဝကို အခြေခံပြီး ဇီဝနည်းအရထုတ်လုပ်သည့် တိုင်းရင်းဆေးဝါးများကို ပြန်လည်အားထားလာကြသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း၊ အချို့သော အိမ်နီးချင်းနိုင်ငံများ အာရှနိုင်ငံများသည် ရိုးရာတိုင်းရင်းဆေးကို နိုင်ငံတကာက သိမြင်အောင် ကြိုးစားပြီး နိုင်ငံတကာဈေးကွက်တွင် နေရာရ စီးပွားဖြစ်ထွန်းနေကြသည်ကိုလည်း တွေ့မြင်ရလျက်ရှိကြောင်း။

## နည်းလမ်းတကျ စီမံ

ထို့ကြောင့် ပင်ကိုအားဖြင့် အနှစ်သာရပြည့်ဝပြီး အလွန်ကျယ်ဝန်းနက်ရှိုင်း အခြေခိုင်ခဲ့သည့် ပညာရပ်စစ်စစ်တစ်ခုဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် အာနိသင်အစွမ်းထက်လှသည့် မြန်မာ့တိုင်းရင်းဆေးဝါးများကို နိုင်ငံတကာက လက်ခံနိုင်သည်အထိ သိပ္ပံနည်းကျ ဖွံ့ဖြိုးတိုးတက်စေရအောင် နည်းလမ်းတကျ စီမံဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ နိုင်ငံတကာသို့တိုင် အောင်မြင်ကျော်ကြားနိုင်သည့် အခြေအနေကောင်း၊ အလားအလာကောင်းများ ရှိထားပြီးဖြစ်ကြောင်း။

## အားထုတ်ကြိုးပမ်း

မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ၏ ပင်ကိုအစွမ်းအာနိသင်ထက်မြက်မှု၊ ဘူမိဇီဝ ရုက္ခသဘာဝရင်းမြစ်များကိုသာ အသုံးပြုမှုနှင့် နိုင်ငံတကာအနေနှင့် ဘေးထွက်ဆိုးကျိုးကင်းရှင်းပြီး အာနိသင်ထက်မြက်သည့် တိုင်းရင်းဆေးဝါးများအပေါ် မျှော်လင့်အားထားနေမှုအခြေအနေများရှိသကဲ့သို့ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများက မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများအပေါ် ယုံကြည်အားထား အားပေးမြှောက်စားနေကြသည့် အခြေအနေအချိန်အခါကောင်းကို အကျိုးရှိထိရောက်စွာ အသုံးချပြီး မြန်မာ့တိုင်းရင်းဆေးပညာ နိုင်ငံတကာသို့ တက်လှမ်းနိုင်စေရအောင် တိုင်းရင်းဆေးသမားတော်ကြီးများအားလုံးက ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနှင့် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

## အဖိုးမဖြတ်နိုင်

မြန်မာ့တိုင်းရင်းဆေးပညာသည် အဆင့်အတန်း မြင့်မားလှသကဲ့သို့ အခြေအမြစ်ခိုင်ခံ့ပြီး အလွန်တရာ သိမ်မွေ့နက်ရှိုင်းသည့် ပညာရပ်စစ်စစ်တစ်ခု ဖြစ်သည်ဆိုသည်ကို တိုင်းရင်းဆေးသမားတော်ကြီးများ အသိဆုံးပင် ဖြစ်ကြောင်း၊ သဘာဝတရားနှင့် ညီညွတ်သကဲ့သို့ မြန်မာ့ရေမြေရာသီဥတုနှင့်ကိုက်ညီပြီး မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် ဆီလျော်ညီညွတ်သည့် ဆေးပညာရပ်တစ်ခုလည်း ဖြစ်ကြောင်း၊ ယင်းသို့ အဖိုးမဖြတ်နိုင်အောင် သိမ်မွေ့နက်နဲသည့် ပညာရပ်တစ်ခုအရှည်တည်တံ့ခိုင်ခံ့ရေးတွင် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မှု၊ နည်းလမ်းတကျ ပညာဆင့်ပွား အမွေပေးမှု အလေ့အထကောင်းများ ခိုင်ခိုင်မြဲမြဲဖြစ်ထွန်းနေရန် လိုအပ်ကြောင်း။

သမိုင်းအစဉ်အဆက် ပေါ်ထွန်းလာခဲ့သည့် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ ဆေးကျမ်းအထွေထွေကို ပြုစုစီရင်ခဲ့ကြသည့် ပညာရှင်ကြီးများ၏ အတွေ့အကြုံနှင့် ပညာခန်းအဆီအနှစ်များ စုဝေးဖြစ်တည်နေသည့် မြန်မာ့တိုင်းရင်းဆေးပညာကို အယူအဆ မလွဲမမှား၊ အာနိသင်မပျက်မယွင်း၊ ပညာခန်းမတိမ်းပါး မချွတ်ချော်စေဘဲ မျိုးရိုးသစ်အစဉ်အဆက်ကို လွှဲအပ်ခဲ့နိုင်ရေးတွင် တိုင်းရင်းဆေးသမားတော်ကြီးများ၏ စေတနာ၊ ပညာ၊ ဝါယမအားစိုက်မှုများ အထူးလိုအပ်လျက်ရှိနေကြောင်း။

## နိုင်ငံ့အကျိုးမျှော်ကိုး

မြန်မာ့တိုင်းရင်းဆေးပညာ၏ ထူးခြားသည့်ဂုဏ်ရည်နှင့် အစွမ်းသတ္တိများ မပျက်ယွင်းစေဘဲ မြန်မာ့တိုင်းရင်းဆေးပညာကို နိုင်ငံတကာက လက်ခံနိုင်သည့် သိပ္ပံနည်းကျ တိကျခိုင်မာသော ဆေးပညာရပ်တစ်ခုအဖြစ် ဖြစ်ထွန်းလာစေရေးမှာလည်း တိုင်းရင်းဆေးသမားတော်ကြီးများ၏ အမြော်အမြင်ကြီးမားမှု၊ သဘောထားကြီးမှု၊ နိုင်ငံ့အကျိုးမျှော်ကိုးမှုတို့၏ စေ့ဆော်မှု စွမ်းအားများ လိုအပ်ကြောင်း။

တော်ဝင်နန်းသုံးဆေးဝါးများ၊ ဆရာစဉ်သမားဆက် ပြုစုပျိုးထောင်သုံးစွဲခဲ့ကြသည့် အစွမ်းထက်သည့် ဆေးဝါးများ၊ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းအမွေခံ ထိန်းသိမ်းခဲ့ကြသည့် ဆေးဝါးကောင်းများ၊ ဆေးပညာရပ်အလိုက် ရောဂါစစ်ဆေးဖော်ထုတ်မှု၊ ကုထုံးရွေးချယ်မှု၊ ဆေးချက် ချမှတ်မှုများ ပါဝင်သည့် ကုထုံးကုကွက်များ စသည့် ဆေးဝါးနှင့် ကုထုံးတစ်ခုချင်းစီ၏ အာနိသင်ဂုဏ်သတ္တိအကျိုးများ ဖော်ထုတ်မှတ်တမ်းတင်ပြီး စံနှုန်းများ သတ်မှတ်နိုင်ရန်နှင့် ကုထုံးကုကွက်များ တိကျမှန်ကန်ပြီး တစ်ပြေးညီဖြစ်စေရန်ဆိုရာတွင် စုပေါင်းအားထုတ်မှုဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

## ဝိုင်းဝန်းထိန်းသိမ်း

မြန်မာ့တိုင်းရင်းဆေးဝါးများသည် ဘေးထွက်ဆိုးကျိုး လွန်စွာနည်းပါးပြီး ပင်ကိုအားဖြင့် အစွမ်းအာနိသင်ထက်မြက်ပြီးဖြစ်ကြောင်း၊ ဤသည်မှာ မြန်မာ့တိုင်းရင်းဆေး၏ဂုဏ်သိက္ခာနှင့် တန်ဖိုးလည်းဖြစ်ကြောင်း၊ ယင်းဂုဏ်သိက္ခာနှင့် တန်ဖိုးကိုမငဲ့ကွက်ဘဲ အနောက်တိုင်းဆေးဝါးများ ရောနှောဖော်စပ်ထားသည့် အမည်ခံ တိုင်းရင်းဆေးများ၊ စံမမီဆေးဝါးများထုတ်လုပ်သည့် ဝိသမစီးပွားရေးသမားများ တိုင်းရင်းဆေးလောကအတွင်း ဝင်ရောက်မလာစေရအောင် တိုင်းရင်းဆေးသမားတော်ကြီးများ၊ တိုင်းရင်းဆေးလုပ်ငန်းရှင်ကြီးများက ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုပါကြောင်း၊ ပြည်သူများ ကျန်းမာရေး အသိအမြင်လွဲမှားစေမည့် လွန်ကဲစွာကြော်ငြာခြင်းကိုလည်း ရှောင်ရှားကြရန် သတိပေးလိုကြောင်း။

မြန်မာနိုင်ငံသည် သဘာဝပရဆေးပင်အရင်းအမြစ်များ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ ပရဆေးပင်များဖြစ်ထွန်းနိုင်သည့် မြေလွတ်များလည်း များစွာရှိနေကြောင်း၊ ပြည်တွင်း၌ထွက်ရှိသော်လည်း လုံလောက်မှုမရှိ၍ ပြည်ပက တင်သွင်းရသည့် ဆေးဝါးကုန်ကြမ်းများကို ပြည်တွင်းစားသုံးမှုဖူလုံပို့လျှံသည်သာမက ပြည်ပဈေးကွက်ကို ပြန်လည်တင်ပို့နိုင်စေအောင် ဝိုင်းဝန်းကြိုးပမ်းကြရန် လိုပါသေးကြောင်း။

ပြည်သူအများက အသိစိတ်ဓာတ်အပြည့်အဝဖြင့် ပရဆေးပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းအားဖြင့် မိသားစုဝင်ငွေတိုးစေမည့်အပြင် နိုင်ငံတော်အတွက် ပရဆေးကုန်ကြမ်းလည်း ဖူလုံစေနိုင်သည့်အတွက် ပရဆေးပင်များနှင့် ပတ်သက်သည့် အသိပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

## အလေးထားလိုက်နာ

မြန်မာ့တိုင်းရင်းဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များအနေဖြင့် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ တိုင်းရင်းဆေးဝါးများ၏ အရည်အသွေးတည်တံ့ညီညွတ်ပြီး အန္တရာယ်ကင်းရှင်းစေရေးအတွက် စံချိန်စံညွှန်းများ တိကျစွာဖော်ထုတ် ထုတ်ပြန်ရမှာဖြစ်သကဲ့သို့ အာနိသင်ထက်မြက်ရေးအတွက်လည်း ဆေးဝါးထုတ်လုပ်သူများအပိုင်းက စံချိန်စံညွှန်းမီအောင်ထုတ်လုပ်ရန်ဆိုသည့် ကျင့်ဝတ်ကို အလေးထားလိုက်နာကြရမည် ဖြစ်ကြောင်း။

နိုင်ငံတကာအဆင့်သို့ တက်လှမ်းတော့မည်ဆိုလျှင် မြန်မာ့တိုင်းရင်းဆေး ပညာရပ်များ၊ ကုထုံးကုကွက်များ၊ ဆေးဝါးများကို Intellectual Property အဖြစ် စနစ်တကျမှတ်ပုံတင်ကြသည့် အလေ့အကျင့် ဖွံ့ဖြိုးလာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်လိုကြောင်း။

## မျက်ခြည်မပြတ်စောင့်ထိန်း

မြန်မာ့တိုင်းရင်းဆေးပညာအနေဖြင့် နိုင်ငံတကာသို့ ထိုးဖောက်တက်လှမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရင်း တစ်ဖက်တွင်လည်း မိမိတို့၏ ပင်ရင်းတာဝန်ဖြစ်သည့် တိုင်းရင်းသားပြည်သူများကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြင့်မားစွာ တိုးမြှင့်လွှမ်းခြုံပေးရေးဆိုသည့် အမျိုးသားရေးတာဝန်ကိုလည်း မျက်ခြည်မပြတ် စောင့်ထိန်းသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာနှင့် ပတ်သက်ပြီး နိုင်ငံတော်၏ အမျိုးသား ကျန်းမာရေးဆိုင်ရာမူဝါဒ မျှော်မှန်းချက်သည် မြန်မာ့တိုင်းရင်းဆေးပညာ နိုင်ငံတကာသို့တိုင် ထွန်းတောက်ကျော်ကြားပြီး နိုင်ငံသူ နိုင်ငံသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြင့်မားစွာ ပေးနိုင်စေရန်ဖြစ်သည်ဆိုသည်ကို သိမြင်ခံယူပြီး မြန်မာ့တိုင်းရင်းဆေးပညာ တစ်ခေတ်ဆန်းသစ်စေရအောင် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများအားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးကြပါဟု မေတ္တာရပ်ခံ တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကြီးတွင် တိုင်းရင်းဆေးသမားတော်များအားလုံး ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းပြီး–

- **မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားစေရအောင်နှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးစွမ်းနိုင်စေရအောင် ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေ။**
- **နိုင်ငံတကာစံချိန်မီ အရည်အသွေးပြည့်ဝသော မြန်မာ့တိုင်းရင်းဆေးဝါးများ တိုးပွားပေါ်ထွန်းစေရအောင် စွမ်းဆောင်ပေးနိုင်ကြပါစေ။**
- **သိမ်မွေ့နက်နဲသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်သည့်ဆေးကျမ်းများနှင့် အာနိသင်ထက်မြက်သည့် ဆေးဝါးများ၏ အနှစ်သာရ အဆီအနှစ်များကိုစုစည်းပြီး အမျိုးသား အမွေအနှစ်ပညာရပ်တစ်ခုအဖြစ် ဖြစ်ထွန်းလာစေရအောင် စုပေါင်းစွမ်းအားနှင့် အားထုတ်ကြိုးပမ်း ဆောင်ရွက်နိုင်ကြပါစေ**

ဟု ဆန္ဒပြုပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

## ကြည့်ရှုအားပေး

ညီလာခံဖွင့်ပွဲအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် သံတမန်များ၊ တိုင်းရင်းဆေးကောင်စီဝင်သမားတော်ကြီးများနှင့် ညီလာခံသို့ တက်ရောက်လာကြသည့် တိုင်းရင်းဆေးသမားတော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ယင်းနောက် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၏ တိုင်းရင်းဆေးပြခန်းငယ်ကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ခုနှစ် နတ်တော်လဆန်း ၇ ရက် (အဖိတ်နေ့)**

**၂၆-၁၁-၂၀၀၆ ရက် (တနင်္ဂနွေနေ့)**

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇:၀၀ | ၁။ | ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တ သာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇:၅၅ | ၅။ | ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ |
| ၈:၀၅ | ၆။ | အရေးပြိုင်ပွဲ |
| ၈:၁၀ | ၇။ | ခရမ်းချောင်းတံတား |
| ၈:၁၅ | ၈။ | အတီးပြိုင်ပွဲ |
| ၈:၃၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | Say it in English |

### နေ့လယ်ပိုင်း

| | | |
|---|---|---|
| ၁၁:၀၀ | ၁။ | စစ်သည်တေး |
| ၁၁:၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁:၂၅ | ၃။ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ် |
| ၁၁:၃၅ | ၄။ | Yan Can Cook |
| ၁၁:၅၀ | ၅။ | ရုပ်မြင်သံကြားဇာတ်လမ်း **"ဆည်းဆာ၏ အရုဏ်ဦး"** သတ္တိ၊ မေသဉ္ဇာဦး၊ မေထွဋ်ခေါင်၊ ဦးဇောနိုင်(ရှမ်းပြည်)၊ ဒေါ်အိအိစိုး (ဒါရိုက်တာ-မျိုးအေး) |
| ၁၃:၃၀ | ၆။ | ဇီဝဒီဇယ်ထုတ်လုပ်မှု သရုပ်ပြရှင်းလင်းဆွေးနွေးပွဲ |
| ၁၃:၄၅ | ၇။ | အဆိုပြိုင်ပွဲ |
| ၁၄:၀၀ | ၈။ | မြို့လှတပ်ကုန်းရေလှောင်တမံ |
| ၁၄:၁၀ | ၉။ | အကပြိုင်ပွဲ |
| ၁၄:၂၀ | ၁၀။ | **"အလံလေးတော့ ကိုင်ပြပါ"** ဇွဲနိုင်ဝင်း၊ ဇော်၊ ပေါ်လေး၊ ချစ်စရာ၊ ရတနာခင် (ဒါရိုက်တာ-မင်းအုပ်စိုး) |
| ၁၄:၃၀ | ၁၁။ | အတီးပြိုင်ပွဲ |
| ၁၄:၄၅ | ၁၂။ | International News |
| ၁၅:၀၀ | ၁၃။ | အစီအစဉ်ပြီး၏။ |

### ညပိုင်း

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | English for Everyday Use |
| ၁၆:၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ] |
| ၁၇:၀၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၇:၁၅ | ၆။ | ဆိုကြမယ် ပျော်ကြမယ် |
| ၁၈:၀၀ | ၇။ | ညနေခင်းသတင်း |
| ၁၈:၃၀ | ၈။ | မိုးလေဝသအခြေအနေ |
| ၁၈:၃၅ | ၉။ | သီရိဂေဟာ |
| ၁၉:၀၀ | ၁၀။ | Discovery |
| ၁၉:၁၅ | ၁၁။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်းရဲ့နေ့ရက်များ"** (အပိုင်း-၂၈) |
| ၂၀:၀၀ | ၁၂။ | ပြည်တွင်းသတင်း |
| | ၁၃။ | နိုင်ငံတကာသတင်းများ |
| | ၁၄။ | မိုးလေဝသအခြေအနေ |
| | ၁၅။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"လှပသောနေ့ရက်များ"** (အပိုင်း-၂) |
| | ၁၆။ | နောက်တစ်နေ့အစီအစဉ် |
| | ၁၇။ | အစီအစဉ်ပြီး၏။ |

# နှစ်စဉ် ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၂၆၂ သန်းခန့် ထုတ်လုပ်နိုင်မည့် ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း ၄၄ ရာခိုင်နှုန်းပြီးစီးနေပြီ

ရန်ကုန် နိုဝင်ဘာ ၂၅

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါ၍ နိုဝင်ဘာ၂၄ရက်က ပဲခူးတိုင်း ရွှေကျင်မြို့ အရှေ့မြောက်ဘက် ၆ မိုင်ခန့်အကွာ ကျောက်နဂါးရွာအနီး ရွှေကျင်ချောင်းပေါ်၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄)တည်ဆောက်ရေးက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းညွှန်ကြားရေးမှူး ဦးဝမ်ကြည်နှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ လျာထားသတ်မှတ်ချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ လုပ်ငန်းသုံးပစ္စည်းရရှိမှု၊ သယ်ယူစုဆောင်းထားရှိမှုနှင့် လအလိုက်၊ နှစ်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်း လျာထားချက်တို့ကို ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။**

ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဝန်ကြီးသည် စီမံကိန်း၏ ဝဲဘက်ကမ်းနှင့် ယာဘက်ကမ်းတို့၌ ပင်မတမံကျောက်သားနှင့် မြေဖို့ခြင်းလုပ်ငန်း၊ ရေလွှဲရေထုတ်ပြွန် ကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဖိအားမြှင့် သံမဏိပိုက်လိုင်းတစ်လျှောက် ကျောက်သားနှင့် မြေကြီးတူးဖော် ရှင်းလင်းခြင်းလုပ်ငန်း၊ အရေးပေါ် ရေပိုလွှဲတည်ဆောက်ပြီးစီးမှုနှင့် ရေလွှဲမြောင်းတူးဖော်ခြင်းလုပ်ငန်း ပင်မရေပိုလွှဲတည်ဆောက်ရန် မြေသား တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းမှ တာဝန်ရှိသူများအား လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

**ထုတ်လုပ်ဖြန့်ဖြူးနိုင်မည်**

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသည် ရွှေကျင်ချောင်းပေါ်၌ ရေလှောင်တမံတည်ဆောက်၍ ၁၈ဒသမ၇၅ မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေးစက်လေးလုံး စုစုပေါင်း ၇၅ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည်ဖြစ်ရာ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၂၆၂ သန်းခန့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်းနှင့် စီမံကိန်းတစ်ခုလုံး ၄၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တတိယအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ရေကူးပြိုင်ပွဲဖွင့် မီတာ၄၀၀နှင့် မီတာ၁၀၀ပြိုင်ပွဲများ၌ စံချိန်နှစ်ခုတင်နိုင်

ရန်ကုန် နိုဝင်ဘာ ၂၅

**အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ ခုနှစ် တတိယအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ရေကူးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲက ဦးဝိစာရလမ်းရှိ အမျိုးသား ရေကူးကန်တွင်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။**

**၁၂ ပွဲယှဉ်ပြိုင်**

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ ယမန်နှစ် ချန်ပီယံအသင်းများဖြစ်ကြသည့် ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က တံခွန်စိုက်ဒိုင်းများပြန်လည်အပ်နှံကြသည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန် ရွတ်ဆိုကြသည်။ ယင်းနောက် ပထမနေ့ ပွဲစဉ် ၁၂ပွဲကို ကျင်းပသည်။

**ဆုချီးမြှင့်**

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသားမီတာ၄၀၀အလွတ်ကူးပြိုင်ပွဲ၌ ပထမဆုရ ဇင်မျိုးခက်(ရန်ကုန်)၊ ဒုတိယဆုရ အောင်ဇော်ဖြိုး(မန္တလေး)၊ တတိယဆုရ စောစံလင်း(တနင်္သာရီ)တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမျိုးသား မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၌ ပထမဆုရ စထွန်းဝင်းဦး(ရန်ကုန်)၊ ဒုတိယဆုရ ရဲမင်းအောင် (မန္တလေး)၊ တတိယဆုရ ခင်မြင့်(ဧရာဝတီ) တို့ကိုလည်းကောင်း အောင်နိုင်ဆုများ ပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးက အမျိုးသမီး မီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲ၌ ပထမဆုရ ခင်ချမ်းသာ(မန္တလေး)၊ ဒုတိယဆုရ ခင်ဝင့်မော်(ရန်ကုန်)၊ တတိယဆုရ နန်းခမ်းမြတ်ခြူး (ရန်ကုန်)တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် (ရေကူးအားကစားနည်း) တာဝန်ခံ နာယက ဒေါ်မူမူဝင်းက အမျိုးသမီး မီတာ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၌ ပထမဆုရ နှင်းဦးဝေ(မန္တလေး)၊ ဒုတိယဆုရ ဝင်းဝင်းမော်(ရန်ကုန်)၊ တတိယဆုရ ရတနာ မောင်မောင်(ရန်ကုန်) တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယက ဒေါ်ခင်ဆွေမြင့်က အမျိုးသား မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၌ ပထမဆုရ ဝင်းလှိုင်(ဧရာဝတီ)၊ ဒုတိယဆုရ စောလင်းလင်း(ရန်ကုန်)၊ တတိယဆုရ ဟိန်းထွန်းဆန်း (တနင်္သာရီ) တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယက ဒေါ်စိုးဝတ်ရည်က အမျိုးသမီးမီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၌ ပထမဆုရ ဖြူပြည့်ဖြိုးကိုကို (ရန်ကုန်)၊ ဒုတိယဆုရ ဝင့်ချယ်ရီ(မန္တလေး)၊ တတိယဆုရ ချိုချိုသူဝင်း(ရန်ကုန်) တို့ကိုလည်းကောင်း အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

မီတာ၁၀၀လိပ်ပြာကူး အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ မီတာ၁၀၀ အလွတ်ကူး အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ မီတာ၅၀ x၄လွှန်းပြန် အလွတ် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲ ဆုရရှိသူများကို အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

**စံချိန်သစ်**

ယနေ့ ကျင်းပသော ပွဲစဉ်များတွင် စံချိန်သစ်နှစ်ခု တင်နိုင်ခဲ့ကြောင်း သိရသည်။ အမျိုးသမီး မီတာ၄၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ခင်ချမ်းသာ(မန္တလေး)သည် ၂၀၀၆ ခုနှစ်က ယဉ်ယဉ်ထွန်း(ရန်ကုန်) တင်ထားသည့် ၆ မိနစ် ၃၆ ဒသမ ၉၇ စက္ကန့်ကို ၆ မိနစ် ၁၆ ဒသမ ၄၉ စက္ကန့်ဖြင့်လည်းကောင်း၊ အမျိုးသားမီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် စထွန်းဝင်းဦး (ရန်ကုန်) က ၂၀၀၄ ခုနှစ်က သက်ကိုကိုထွန်း(ရန်ကုန်) တင်ထားသည့် ၁ မိနစ် ၁၁ ဒသမ ၄၆ စက္ကန့်ကို ၁ မိနစ် ၁၀ ဒသမ ၉၂ စက္ကန့်ဖြင့်လည်းကောင်း စံချိန်ချိုးကာ စံချိန်သစ်တင်နိုင်ခဲ့ကြသည်။ ပြိုင်ပွဲများကို နိုဝင်ဘာ၂၆ ရက် **(ယနေ့)** မွန်းလွဲ ၂ နာရီမှစ၍ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**



**မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် (ရေကူးအားကစားနည်း) တာဝန်ခံ နာယက ဒေါ်မူမူဝင်း အမျိုးသမီး မီတာ၁၀၀ ပက်လက်ကူး ပြိုင်ပွဲ ဒုတိယဆုရ ဝင်းဝင်းမော်(ရန်ကုန်)အား ဆုချီးမြှင့်စဉ်။**

(မြန်မာ့အလင်း)

# ပဲခူးတိုင်း ပြွန်တန်ဆာမြို့၊ မွန်ပြည်နယ် မုဒုံမြို့နယ်နှင့် စစ်ကိုင်းတိုင်း မုံရွာမြို့တို့၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၂၅**

နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ မြို့မ(၁)ရပ်ကွက်(မြို့သစ်) ဒဂုံမန်းလမ်းနေ ဦးအောင်ကျော်ဦး (ရေနံသုတ်လုပ်ငန်း)၏နေအိမ်၌ မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်ရာသို့ ပြွန်တန်ဆာမီးသတ်စခန်းမှ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်၍ စုပေါင်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံး မီးလောင်ခံရသည်။

**အိုးမဲ့အိမ်မဲ့ဖြစ်**

ထို့အပြင် ယင်းနေ့ည ၈ နာရီတွင် မွန်ပြည်နယ် မုဒုံမြို့နယ် ကွမ်လှာကျေးရွာ အရှေ့ပြင်ရပ်ကွက်နေ ဦးမလှိုင်၏အိမ်၌ ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်ရာသို့ သံဖြူဇရပ်နှင့် မုဒုံမီးသတ်စခန်းတို့မှ မီးသတ်ယာဉ်လေးစီးဖြင့် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်၍ စုပေါင်းငြိမ်းသတ်ခဲ့ကြသည်။ မီးလောင်မှုကြောင့် အိမ်ခုနစ်လုံးမှ မီးလောင်ခံရပြီး အိမ်ထောင်စု ခုနစ်စုမှ လူဦးရေ၂၄ဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့သည်။

နိုဝင်ဘာ ၂၅ ရက် နံနက် ၄ နာရီတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ စက်မှုဇုန်ရပ်ကွက် ၃၉ လမ်းရှိ ဦးအောင်ဇော်မိုး၏ ဝါဂွမ်းကြိတ်စက်ရုံ၌ ဗိုင်းကြိတ်စက်ထဲတွင် သံပြားပါရာမှ မီးပွင့်၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။ ယင်းမီးလောင်ရာသို့ မုံရွာမီးသတ်စခန်းမှ မီးသတ်ယာဉ်လေးစီးဖြင့် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းငြိမ်းသတ်ခဲ့ကြသည်။ မီးလောင်မှုကြောင့် အဆောက်အအုံတစ်လုံး၊ စက်ပစ္စည်းနှင့် ချည်ထုပ်အနည်းငယ် မီးလောင်ခံရကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘင်နီတက်ဇ်၏ လီဗာပူးအသင်း အိမ်ကွင်း၌ ဂျရတ်၏ ဂိုးဖြင့် နိုင်ပွဲရ

**သတင်းမြင်ကွင်း - မြင့်စိုး**

**လန်ဒန် နိုဝင်ဘာ ၂၅**

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၄) ပြိုင်ပွဲများကို နိုဝင်ဘာ၂၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အစောပိုင်း ပြိုင်ပွဲတွင် ချာလ်တန်နှင့် အဲဗာတန်တို့ တစ်ဖက်တစ်ဂိုးစီ အပြန်အလှန်သွင်းယူခဲ့ပြီး သရေပွဲ သတ်မှတ်ခဲ့ကြသည်။

ချာလ်တန်အသင်းမှ အင်ဒီရိဒ်သည် မန်နေဂျာသစ် လက်စ်ရီဒ် လက်ထက်တွင် ပထမဆုံးသော အိမ်ကွင်း၌ တစ်မှတ်ကို ရယူပေးနိုင်ခဲ့သည်။ သို့ရာတွင် အဲဗာတန် ကံကောင်းထောက်မစွာဖြင့် အာတီတာက ပွဲချိန် ၅၂ မိနစ်တွင် အလွတ်တည်ကန်ဘော ကန်သွင်းရာ ချာလ်တန် နောက်တန်းလူ ဟာမန်နှင့်ထိပြီး လက်ဆောင်ဂိုး ရရှိခဲ့သည်။ သို့သော်လည်း ပွဲချိန် ၆၈ မိနစ်တွင် အင်ဒီရိဒ်သည် ကိုက်၂၀အကွာမှ အမှတ်မထင် ကန်သွင်းခဲ့ရာ ချေပဂိုးရရှိခဲ့သည်။

နှစ်သင်းစလုံး အနိုင်ဂိုးသွင်းယူရန် ကြိုးစားသော်လည်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲအဖြစ် ကျေနပ်လိုက်ရသည်။ အဲဗာတန်အသင်းသည် ပရီမီယာလိဂ်၁၄ပွဲ ကစားအပြီးတွင် ယခုပြိုင်ပွဲမှာ ခြောက်ပွဲမြောက် သရေပွဲ ဖြစ်ခဲ့သည်။



**လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်(ဝဲ) မန်စီးတီးဘက်သို့ အနိုင်ဂိုးသွင်းရန် ဤသို့ ထိုးဖောက်ကစားခဲ့သည်။**

(ဓာတ်ပုံ-အင်တာနက်)

**လီဗာပူး-မန်စီးတီး**

လီဗာပူးနှင့် မန်စီးတီးအသင်းတို့သည် ပထမပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့သော်လည်း ဂိုးမသွင်းနိုင်ဘဲ ပွဲချိန် ၄၅ မိနစ် ပြည့်သွားခဲ့သည်။

ပထမပိုင်းတွင် လီဗာပူးတို့ ဖိကစားနိုင်ခဲ့သည်။ ပွဲစပြီး ၁၈ မိနစ်အကြာ စတီဗင်ဂျရတ် အဝေးမှ လှမ်းကန်သွင်းရာ နောက်တန်းလူ ရစ်ချက်ဒန်နီ အချိန်မီ ဖျက်ထုတ်နိုင်ခဲ့၍ လီဗာပူးတို့ တစ်ဂိုးနစ်နာခဲ့ရသည်။ ယင်းနောက် လီဗာပူးမှ လူးဝစ်ဂါစီယာ နှစ်ကြိမ် ဂိုးသွင်းခွင့်ကြုံခဲ့သော်လည်း ဂိုးပေါက်လွဲခဲ့ရသည်။

တိုက်စစ်မှူး ဒက်ကွတ်သည် ပထမပိုင်းတွင် လီဗာပူးတိုက်စစ်ကို ရစ်ဆီ၊ ဂျရတ်၊ ဂါစီယာ၊ ကာရေဂါတို့နှင့်အတူ ဦးဆောင်ကစားနိုင်ခဲ့သည်။

**ဒုတိယပိုင်း**

ဒုတိယပိုင်းပြန်စသည်နှင့် ဘင်နီတက်ဇ်၏ ကစားသမားများသည် အိမ်ကွင်းရလဒ်ကောင်း အဖြေရှာနိုင်ရန်အတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ပွဲချိန် ၆၇ မိနစ်တွင် အသင်းခေါင်းဆောင် စတီဗင်ဂျရတ်က သွင်းယူပေးနိုင်ခဲ့သည်။

ဂျရတ်၏ယင်းဂိုးမှာ ယခုနှစ်ရာသီ၌ ပရီမီယာလိဂ်တွင် ပထမဆုံးသွင်းယူလိုက်သည့်ဂိုးဖြစ်သည်။ ၎င်းသည် ချန်ပီယံလိဂ်၌ ပီအက်ဗွီအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင်လည်း အဖွင့်ဂိုး သွင်းပေးနိုင်ခဲ့သူဖြစ်သည်။ ပွဲအစမှ အဆုံးအထိ ပြိုင်ပွဲတစ်လျှောက်လုံး ဂျရတ်သည် အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့သည်။ ၎င်းအား နည်းပြဘင်နီတက်ဇ်က ကွင်းလယ် တာဝန်ပေးခဲ့ပြီးသည့်နောက် သုံးပွဲကစားအပြီး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

လီဗာပူးအသင်းသည် ၃-၅-၂ ပုံစံဖြင့် ဖြန့်ကြက်ကစားခဲ့သည်။ ကာရေဂါ၊ ဟစ်ပီယာနှင့် အက်ဂါတို့ကို နောက်တန်း အထိုင်ချကစားခဲ့သည်။

မန်စီးတီးအသင်းသည် လီဗာပူးအသင်းကို မာမာတင်းတင်း ကစားနိုင်ခဲ့သော်လည်း တိုက်စစ်အားနည်းမှုကြောင့် ချေပဂိုး မသွင်းနိုင်ဘဲ အရှုံးပေးလိုက်ရသည်။

လီဗာပူး အသင်းသည် ယခုနှစ် မန်စီးတီးအသင်းကို အနိုင်ရရှိခြင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၁၄)အပြီး ခြောက်ပွဲမြောက် အနိုင်ပွဲ ရရှိခြင်းဖြစ်သည်။

**အခြားပွဲရလဒ်များ**

| | | |
|---|---|---|
| **အက်စ်တွန်ဗီလာ** | **၁-၁** | **မစ်ဒယ်ဘရော့** |
| **ဖူလ်ဟမ်** | **၀-၁** | **ရက်ဒင်း** |
| **ဝက်စ်ဟမ်း** | **၁-၀** | **ရှက်ဖီး။** |

**(အင်တာနက်)**

26-11 (10) 1 11/26/06, 1:46 PM

# ဈေးဝယ်သူပြည်သူများဖြင့် စည်ကားနေသည့် အမှတ် (၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)



**တစ်လကို ဈေးပွဲတော် အကြိမ်များများလုပ်ဖြစ်အောင် ကြိုးစားသွားမယ်။**

**ဦးရဲညွန့်**
**ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းစက်မှုကြီးကြပ်ရေးနှင့်**
**စစ်ဆေးရေးဦးစီးဌာန။**

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေး မြင့်မားသည်။ ဈေးနှုန်းလဲ သက်သာကာ သုံးစွဲသူများကို နှစ်သက် သဘောကျစေသည့် စွဲဆောင်ချက်များရှိရာ ဈေးကွက်၌ ဝယ်အားလိုက်လျက် ရှိသည်။

ထိုသို့သော ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသော မြန်မာနိုင်ငံစက်မှု (၁) ဝန်ကြီးဌာနအနေဖြင့် စက်မှု(၁) ထုတ်ကုန်များကို အထူးဈေးရောင်းပွဲတော်များ ကျင်းပကာ ဝယ်ယူသူများအား အလွယ်တကူ ဈေးနှုန်းချိုသာစွာ ဝယ်ယူသုံးစွဲ နိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်စက်မှု(၁)ဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်း နိုဝင်ဘာ၂၂ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကျင်းပလျက်ရှိသည့် အမှတ် (၁) စက်မှုဝန်ကြီးဌာန ဈေး ရောင်းပွဲတော်သို့ မြန်မာ့အလင်း သတင်းအဖွဲ့ ရောက်ရှိကာ တာဝန်ရှိသူများ၊ ဆိုင်တာဝန်ခံများနှင့် တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့သည်။

ပထမဦးစွာ ဈေးရောင်းပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲညွှန့်အား တွေ့ဆုံမေးမြန်းရာ **"ဈေးရောင်းပွဲတော်တွေကို စက်မှု(၁) ဝန်ကြီးဌာနအနေနဲ့ ၂၀၀၄-၂၀၀၅ ခုနှစ် ကတည်းက စတင်အကောင်အထည် ဖော်ခဲ့တာပါ။ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်ကြောင့် ဖြစ်ပါတယ်။ ပြည်နယ်နှင့်တိုင်း တွေမှာ ငါးကြိမ်နဲ့ ရန်ကုန်မှာ နှစ်ကြိမ်ရှိပါပြီ"** ဟု မြန်မာ့အလင်းသို့ ဦးရဲညွှန့်က ရှင်းပြသည်။



**အိမ်သုံးဆေးဝါးတွေ ရောင်းအား ကောင်းပါတယ်။**
**ဦးမျိုးချစ်ဆွေ**
**(လ/ထ အထွေထွေမန်နေဂျာ)**
**မြန်မာ့ဆေးဝါးနှင့်**
**အိမ်သုံးပစ္စည်းလုပ်ငန်း။**

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီမှ စတင်ခဲ့သော ပထမဆုံးအကြိမ် ဈေးရောင်းပွဲတော်မှာ ရန်ကုန်မြို့ စက်မှု(၁) ဝန်ထမ်း အိမ်ရာဝင်းအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဒုတိယအကြိမ်မှာ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ အာသာဝတီ အားကစားကွင်းမှာ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ထို့နောက် မန္တလေး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ မုံရွာ၊ စစ်ကိုင်း၊ ပြည်၊ ပခုက္ကူနှင့် ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း)တွင်လည်း ပြုလုပ်ခဲ့ကြောင်း ဦးရဲညွှန့်က ရှင်းပြသည်။

ဈေးပွဲတော် အကြိမ်အရေအတွက် မည်မျှပြုလုပ်ရန် စီစဉ်ထားမှုနှင့် ပတ်သက်၍လဲ ဦးရဲညွှန့်က "တစ်လ နှစ်ကြိမ်ခန့်လောက် ကျင်းပမယ်လို့ စီစဉ်ထားတယ်၊ ရန်ကုန်တစ်ကြိမ်နဲ့ နယ်တစ်ကြိမ်ပေါ့။ မကြာခင်မှာ တစ်ပြည်လုံး အတိုင်းအတာနဲ့ တစ်လအတွင်း အကြိမ်များများ အခုလို ဈေးပွဲတော်တွေ ပြုလုပ်သွားမယ်"ဟု ပြောကြားသွားသည်။



**ဒီအရောင်းဆိုင်က ပစ္စည်း ၁၈မျိုး ရောင်းချနေပါတယ်။**
**ဦးနေမင်းအောင်**
**(အရောင်းတာဝန်ခံ)**
**မြန်မာ့စက္ကူနှင့်**
**ဓာတုဗေဒလုပ်ငန်း။**

တစ်ကြိမ်နှင့်တစ်ကြိမ် အောင်မြင်လျက်ရှိသော စက်မှု(၁) ဈေးရောင်းပွဲတော်ကား ဈေးဝယ်လာသူများ စည်ကားနေမှုက အောင်မြင်မှု အတိုင်းအတာကို ပြသလျက်ရှိရာ အပြိုင်အဆိုင် အလုအယက် ဝယ်နေကြသည်ကို တွေ့ရသည်။

ယခု ဈေးရောင်းပွဲတော်တွင် စက်မှု(၁) ဝန်ကြီးဌာနအောက်ရှိ စက်မှုလုပ်ငန်း ခြောက်ခုတို့မှ ထုတ်ကုန်ပစ္စည်းများကို အရောင်းဆိုင် ခြောက်ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိရာ ပထမဦးစွာ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း အရောင်းဆိုင်ခန်းတွင် ပစ္စည်းများရောင်းချနေမှုကို လေ့လာမိသည်။ ဝယ်သူများက သူ့ထက်ငါ အလုအယက် ဝယ်ယူနေကြသည်မှာ အားရကျေနပ်စရာပင် ဖြစ်သည်။ အရောင်းဆိုင်ခန်းမှ တာဝန်ခံဖြစ်သူ ဦးမျိုးချစ်ဆွေ (လ/ထ အထွေထွေမန်နေဂျာ) အား ပစ္စည်းများ ရောင်းချရမှုနှင့် ပတ်သက်၍ မေးမြန်းရာ "ဒီအရောင်းဆိုင်ခန်းမှာ စုစုပေါင်း ပစ္စည်း ၆၈ မျိုး ရောင်းချနေပါတယ်။ အိမ်သုံးဆေးဝါး ၂၅ မျိုး၊ အလှကုန် ၂၃ မျိုး၊ ဆပ်ပြာ ၁၀ မျိုး၊ စိမ်းပြာရေညှိထုတ်ကုန် ခုနစ်မျိုးနဲ့ ပလတ်စတစ်ပစ္စည်းသုံးမျိုးတို့ ဖြစ်ပါတယ်၊ **ရောင်းအား အကောင်းဆုံးကတော့ အိမ်သုံးဆေးဝါးတွေပါ" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။ လတ်ဆတ်သော၊ စံချိန်မီသော၊ အာနိသင်ထက်မြက်သော ဆေးဝါးဖြစ်သည့်အပြင် ဈေးနှုန်းလဲ ချိုသာသဖြင့် အဝယ် လိုက်ခြင်းပင်** ဖြစ်သည်။

ထို့နောက် မြန်မာ့အထည်အလိပ်လုပ်ငန်း အရောင်းဆိုင်ဘက် ရောက်ရှိလေ့လာမိသည်။ ဆိုင်ရှေ့တွင် တိုးမပေါက်အောင် ဝယ်သူများဖြင့် ပြည့်ကျပ်လျက်ရှိသည်ကို တွေ့လိုက်ရသည်။ နေအိမ်တွင်မရှိမဖြစ် လိုအပ်သော ပစ္စည်းများဖြစ်၍ ဝယ်ယူနေကြခြင်းဖြစ်သည်။ ဆိုင်တာဝန်ခံဖြစ်သူဒေါ်ကြူကြူ (စက်ရုံမှူး၊ ရန်ကင်းအထည်ချုပ်စက်ရုံ)အား အလုပ်များသည့်ကြားမှ သိလိုသည်များကို မေးမြန်းရာ "စုစုပေါင်းပစ္စည်း ၅၄ မျိုး ရောင်းပေးနေပါတယ်။ ချုပ်ထည်၊ ပန်းရိုက်အထည်၊ ဆေးဆိုးအထည်၊ ပုဆိုး၊ သင်္ကန်း၊ ဆေးဂွမ်း၊ ပတ်တီး၊ စောင်၊ ဆိုးထည်အမျိုးမျိုးနဲ့ ခြင်ထောင်တွေကို ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းချနေတာပါ" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။



**ချုပ်ခ သာသာပဲရှိတဲ့ ရှပ်အင်္ကျီတွေလဲ ရောင်းပေးနေပါတယ်။**
**ဒေါ်ကြူကြူ (စက်ရုံမှူး)**
**ရန်ကင်းအထည်ချုပ်စက်ရုံ**
**မြန်မာ့အထည်အလိပ်လုပ်ငန်း**
**အရောင်းဆိုင်။**

ခြင်ထောင်များ၊ ပန်းရိုက်အထည်များမှာ ဈေးနှုန်းသက်သာလွန်းသဖြင့် အရောင်းရဆုံး ဖြစ်ကြောင်းလဲ ဒေါ်ကြူကြူက ပြောကြားသည်။ **စောင်များ၊ ရှပ်အင်္ကျီများ၏ ဈေးနှုန်းကလဲ ချုပ်ခသာသာမျှသာ ဖြစ်နေရာ ချိုသာလွန်းလှသည့် ဈေးနှုန်းများဖြစ်သဖြင့် ဝယ်သူများအကြိုက်တွေ့နေခြင်းပင်** ဖြစ်သည်။



**အလှူလုပ်ဖို့အတွက် ပစ္စည်းကောင်းလေးတွေ လာဝယ်တာပါ။**
**ဒေါ်မာလာ(ဈေးဝယ်သူ)**

ထို့နောက်မြန်မာ့စက္ကူနှင့် ဓာတုဗေဒ လုပ်ငန်း အရောင်းဆိုင်ဘက် ရောက်ရှိခဲ့ပြန်သည်။ ဆိုင်ရှေ့တွင် ကြိတ်ကြိတ်တိုးစည်ကားနေသော ဈေးဝယ်သူများကို ခေတ္တရပ်ကြည့်နေရာ ဆိုင်ဝန်ထမ်းများ လက်မလည်အောင် ရောင်းချနေရသည်ကို တွေ့ရသည်။ ဆိုင်မှအရောင်းတာဝန်ခံဖြစ်သူ ဦးနေမင်းအောင်အား မေးမြန်းရာ "ဒီဆိုင်မှာ ပစ္စည်း ၁၈မျိုးရောင်းပါတယ်။ သင်္ဘောဆေး၊ မီးခြစ်၊ ဝါးတူ၊ တစ်သျှူး၊ စာရေးစက္ကူဆိုဒ်အမျိုးမျိုး၊ ကျောင်းသုံးဗလာစာအုပ်အမျိုးမျိုး၊ ဘက်ထရီများ၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာရည်များ၊ ဈေးချွတ်မှုန့် စတဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။ ရောင်းအားအကောင်းဆုံးကတော့ ဆပ်ပြာ၊ ဆပ်ပြာမှုန့်နဲ့ ဗလာ စာအုပ်တွေပါ ဈေးက သက်သာတယ်လေ" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

တစ်ဖန် ဈေးလာဝယ်သူများအတွင်းမှ အမျိုးသမီးကြီးတစ်ဦးကို ပစ္စည်းများဝယ်ယူရမှုအပေါ် မေးမြန်းရာ " အမည်က ဒေါ်မာလာလို့ ခေါ်ပါတယ်။ ကုက္ကိုင်းမှာ နေပါတယ်။ **အလှူလုပ်ချင်လို့ လိုအပ်တဲ့ပစ္စည်းတွေ လာဝယ်တာ။ အခုဆပ်ပြာတွေ ဝယ်ပြီးပြီ၊ လိုအပ်တဲ့ပစ္စည်းတွေ ထပ်ဝယ်ဦးမယ်။ ဈေးလဲ သက်သာ၊ သုံးရတာလဲ ကောင်းတော့ ဈေးရောင်းပွဲတော်မှာ ဝယ်ဖြစ်တာပေါ့"** ဟု ပြောပြသည်။

များပြားလှသော ဈေးဝယ်သူများဖြင့် စည်ကားနေသော စက်မှု (၁) ဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်မှာ ပစ္စည်းလည်း စုံကာ ဈေးနှုန်းချိုသာပြီး အရည်အသွေးပါ ကောင်းမွန်သဖြင့် ပြည်သူများ အနေဖြင့် အချိန်မီသွားရောက် ဝယ်ယူနိုင်ကြရန် သတင်းစကားပါး ရေးသားလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ အထူးဈေးရောင်းပွဲတော်တွင် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချလျက်ရှိသည့် အချိုရည်ဘူးများအား တွေ့ရစဉ်။**

**ရောင်းအား အကောင်းဆုံးကတော့ အိမ်သုံး ဆေးဝါး တွေပါ။ လတ်ဆတ်သော၊ စံချိန်မီသော၊ အာနိသင် ထက်မြက်သော ဆေးဝါးဖြစ်သည့်အပြင် ဈေးနှုန်းလဲ ချိုသာသဖြင့် အဝယ်လိုက်ခြင်းပင်။**

**စောင်များ၊ ရှပ်အင်္ကျီများ၏ ဈေးနှုန်းကလဲ ချုပ်ခ သာသာမျှသာ ဖြစ်နေရာ ချိုသာလွန်းလှသည့် ဈေးနှုန်း များဖြစ်သဖြင့် ဝယ်သူများအကြိုက်တွေ့။**

**အလှူလုပ်ချင်လို့ လိုအပ်တဲ့ပစ္စည်းတွေ လာဝယ်တာ။ အခု ဆပ်ပြာတွေဝယ်ပြီးပြီ၊ လိုအပ်တဲ့ပစ္စည်းတွေ ထပ်ဝယ် ဦးမယ်။ ဈေးလဲ သက်သာ၊ သုံးရတာလဲ ကောင်းတော့ ဈေးရောင်းပွဲတော်မှာ ဝယ်ဖြစ်တာပေါ့။**




**မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းများ အရောင်းဆိုင်၌ ခင်းကျင်းပြသထားသည့် ပစ္စည်းများ။**



# သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံစတင် ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုး သဘာပတိအဖွင့်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၅

သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးကောင်စီ ဥက္ကဋ္ဌ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်၊ တိုင်းရင်းဆေးကောင်စီဝင်ဦးဉာဏ်လွင်၊ ဦးမောင်ဉာဏ်နှင့် ရှမ်းပြည်နယ်မှ ဦးမောင်းဟိန်တို့က ဆောင်ရွက်ကြသည်။

## တက်ရောက်

အခမ်းအနားသို့ တိုင်းရင်းဆေးကောင်စီဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဗဟိုတိုင်းရင်းဆေးကြီးကြပ်ရေးကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းဆေး ဆရာကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

## ထောက်ခံဆွေးနွေး

ဆက်လက်၍ သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံအဆို(၁) ဖြစ်သော ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြှင့်တင်နိုင်ရန် တိုင်းရင်းဆေး ပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်တို့ ပူးပေါင်းဆောင်ရွက်ရေးအဆိုကို ဧရာဝတီတိုင်း ဖျာပုံမြို့နယ်မှ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကိုယ်စားလှယ် ဦးဇော်ဝင်းက တင်သွင်းပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးသက်နိုင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် အဆို(၂) မြန်မာ့တိုင်းရင်းဆေးဆရာများ၏ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် ပြည်တွင်းပြည်ပမှ ပညာရပ်များကို စဉ်ဆက်မပြတ် ရှာဖွေလေ့လာဆည်းပူးရေးအဆိုကို မန္တလေးတိုင်း အောင်မြေသာစံမြို့နယ်မှ ကိုယ်စားလှယ် ဦးအောင်ထပ်က တင်သွင်း၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးသီဟန်ဦးက ထောက်ခံဆွေးနွေးပြီး ခေတ္တရပ်နားသည်။

## ဆောင်ရွက်ကြ

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ကျင်းပရာ သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ကျော်က ဆောင်ရွက်ပြီး သဘာပတိ အဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာလွင်ကို၊ တိုင်းရင်းဆေးကောင်စီဝင်များ ဖြစ်ကြသော ဦးလှငွေး၊ ဦးမြဝင်းနှင့် မွန်ပြည်နယ်မှ ကိုယ်စားလှယ် ဦးတင်ရွှေတို့က ဆောင်ရွက်ကြသည်။

## ကုထုံးများဖော်ထုတ်ရေး

ယင်းနောက် အဆို(၃)ဖြစ်သည့် ရောဂါကြီးခြောက်မျိုး အဓိကထား၍ အခြားရောဂါများကိုပါ ကုသရာတွင် အစွမ်းထက်သော မြန်မာ့တိုင်းရင်းဆေးကုထုံးများ ရှာဖွေဖော်ထုတ်ရေးအဆိုကို ပဲခူးတိုင်းမှ ကိုယ်စားလှယ် ဦးအောင်အောင်က တင်သွင်းရာ သစ်တောရေးရာဝန်ကြီးဌာနမှ ကိုယ်စားလှယ် ဒေါ်ခင်မျိုးထွေးက ထောက်ခံဆွေးနွေးသည်။

ထို့နောက် အဆို(၄)ဖြစ်သည့် ပြည်တွင်းပရဆေးကုန်ကြမ်းဖူလုံရေးအတွက် ဆေးဖက်ဝင်အပင်များကို တိုးချဲ့စိုက်ပျိုးရန် တိုင်းရင်းဆေးဆရာများက ဝိုင်းဝန်းဆောင်ရွက်ရေး အဆိုကို ရန်ကုန်တိုင်း အင်းစိန်မြို့နယ်မှ ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဦးက တင်သွင်းပြီး ချင်းပြည်နယ် ဟားခါးမြို့မှ ကိုယ်စားလှယ် ဦးလှိုင်မိုးက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ညနေပိုင်းတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ပထမနေ့အစီအစဉ်ကို ရပ်နားလိုက်သည်။ တိုင်းရင်းဆေးသမားတော်များ ညီလာခံကို နိုဝင်ဘာ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

---

## ■ ကျောဖုံးမှ

ဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ္တမအကြိမ်မြောက်အစပြုပြီး စာတမ်းခုနစ်စောင်ကို ပြည်နယ်၊ တိုင်းအသီးသီးမှ သမားတော်ကြီးများ၊ ညီလာခံကိုယ်စားလှယ်များက အဆို



**တိုင်းရင်းဆေးသမားတော်များညီလာခံတွင် ဆေးဆရာများတစ်ဦးနှင့်တစ်ဦး သိကျွမ်းမှုရပြီး ရင်းနှီးပွင့်လင်းစွာ အတွေ့အကြုံ ဗဟုသုတများ ဖလှယ်ခွင့်ရ၍ အကျိုးကျေးဇူးများတိုးပွား။**

ဦးလှမြင့်(ကေသီပန်)
ဓာတ်ပုံမှတ်တမ်း–
သိန်းဝင်းလေး
(မြန်မာ့အလင်း)

တင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာတို့၏ ရှည်လျားခိုင်မာသည့် သမိုင်းကြောင်းနှင့်အတူ မိမိနိုင်ငံ၊ မိမိ



**တိုင်းရင်းဆေးဆရာများနှင့် ဆေးထုတ်လုပ်သူများ၏ ပေါင်းစည်း ဆောင်ရွက်မှုကြောင့် ပြည်သူ့ရှေ့မှောက်တွင် ဆေးဝါးအမယ်သစ်များ တိုးပွားလာသလို အာနိသင်ထက်မြက်သည့် ဆေးစွမ်းကောင်းများလည်း ပေါ်ထွန်းလာ။**

ဒေါ်လေးမြင့်(ဦးသာရင်ဆေးတိုက်)
ဓာတ်ပုံမှတ်တမ်း–
သိန်းဝင်းလေး
(မြန်မာ့အလင်း)

လူမျိုး၏ ရေ၊ မြေသဘာဝနှင့် အညီ ပေါက်ဖွားရှင်သန်လာခဲ့သော ကိုယ်ပိုင်တော်ဝင်ဆေးပညာရပ်ပင်ဖြစ်သည်။

### အားပေးကူညီ

မြန်မာ့တိုင်းရင်းဆေးပညာ နှုန်းမီစံ ကိုက်တိုးတက်ပြန့်ပွားရေးနှင့် သိပ္ပံနည်းကျကျ ထုတ်လုပ်မှုနည်းစဉ်များ နိုင်ငံတကာ အဆင့်မီစေရေးအတွက် နိုင်ငံတော်က မူဝါဒများချမှတ်ပြီး အားပေးကူညီလျက်ရှိသည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးကို တစ်ဖက်တစ်လမ်းမှ ထောက်ကူပေးနိုင်ရေးအတွက် တိုင်းရင်းဆေးသမားတော်များ အချင်းချင်း အတွေ့အကြုံနှင့်အမြင်ချင်း ဖလှယ်လျက်ရှိသည့် တိုင်းရင်းဆေးသမားတော်များညီလာခံကို မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။



**တိုင်းရင်းဆေး၏အစွမ်းထက်မြက်မှုအားကို တစ်နိုင်ငံလုံး အာရုံစိုက် လာအောင် အားပေးကူညီပေးသည့် နိုင်ငံတော်၏ စေတနာကို တိုင်းရင်းဆေးဆရာများ နားလည်သိရှိ။**

ဦးဝင်းမောင်(အောင်တမန်)
ဓာတ်ပုံမှတ်တမ်း–
သိန်းဝင်းလေး
(မြန်မာ့အလင်း)

ရှေးဦးစွာ တိုင်းရင်းဆေးဆရာများအဖွဲ့ကိုယ်စားလှယ်၊ ဆေးဝါးထုတ်လုပ်သူဖြစ်သည့် ဦးကြည်လင်း(စိန်ဘယက်)က "မိမိတို့ထုတ်လုပ် ဖြန့်ဖြူးသော အစွမ်းထက်ဆေးများမှာ ကွမ်းရွက်ပုံချောင်းဆိုးပျောက်ဆေး၊ ဆောင်းနွေမိုးခွဲသလိပ်ကြေ မက်လင်ချဉ်လျက်ဆား၊ လေကွဲဆေး၊ ရွှေပျားကောင် နှလုံးသည်းခြေဆေးနှင့် ဖျားနာကိုက်ခဲတုပ်ကွေးပျောက်ငန်းနီကျော်ဆေးများဖြစ်ကြောင်း။

### အထောက်အကူပြု

စိန်ဘယက် တိုင်းရင်းဆေးများတွင် တိုင်းရင်းဆေးဝါးဥပဒေနှင့်အညီ ခေတ်မီနည်းပညာစနစ်အခြေပြု ထုတ်လုပ်ထားသည့်အတွက် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိကြောင်း" ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းဆေးဆရာအဖွဲ့ဝင်ဦးဖြေ(ဒေဝယက္ခ)အား မေးမြန်းရာတွင် "ပဲခူးတိုင်း၏ တိုင်းရင်းဆေးဆရာအဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းရင်းဆေး ထုတ်လုပ်သူအဖြစ်လည်းကောင်း တက်ရောက်ခဲ့ကြောင်း၊ ယခုပြခန်းတွင် နဂါးရွှေဝါ ဒဏ်ကြေလိမ်းဆေးနှင့် အကျိတ်ကြေ အဏုမြူမန်းဆေးနှစ်မျိုးတို့ကို ပြသထားကြောင်း။

နိုင်ငံတော်က အဓိကအဖြစ်များသည့် ရောဂါကြီးခြောက်မျိုးကို ကာကွယ် တိုက်ဖျက်ရာတွင် တိုင်းရင်းဆေးသမားတော်များနှင့် ထုတ်လုပ်သူများ၏ စုစည်းမှုအင်အားကို မဏ္ဍိုင်ပြုပြီး မိမိတို့တတ်မြောက်ထားသည့် ဆေးပညာစွမ်းဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အပြည့်အဝ ပါဝင်ကူညီသွားမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

### တိုးမြှင့်လေ့လာ

တစ်ဖန် တိုင်းရင်းဆေးပညာဦးစီးဌာန ဦးသိန်းဟန်ဦး(ဒုတိယညွှန်ကြားရေးမှူး)နှင့် တွေ့ဆုံမေးမြန်းဖြစ်ရာတွင် "နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ တိုင်းရင်းဆေးဆရာများ စုစည်းကြိုးပမ်းအားထုတ်မှုဖြင့် တိုင်းရင်းဆေးပညာ ထွန်းကားပြန့်ပွားရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကုသရေးအပိုင်း၌ ပြည်နယ်နှင့်တိုင်းများတွင် ဆေးရုံ၊ ဆေးခန်းများဖွင့်လှစ်ပြီး ကုသ



**အစွမ်းထက်သည့် မြန်မာ့ တိုင်းရင်းဆေးများကို မိရိုးဖလာ စဉ်ဆက်သန့်ရှင်းလတ်ဆတ်သည့် ဆေးဖက်ဝင် ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ပြီး စံချိန်စံညွှန်းမီ ထုတ်လုပ်ထား။**

ဦးထွန်းရွှေ(ထွန်းရွှေဝါ)
ဓာတ်ပုံမှတ်တမ်း–
သိန်းဝင်းလေး
(မြန်မာ့အလင်း)

လျက်ရှိသလို ပညာရေးအပိုင်းအနေဖြင့် ယခင်သိပ္ပံအဆင့်မှ တက္ကသိုလ်အဆင့်အထိ တိုးမြှင့်ပေးခဲ့ကြောင်း၊ တိုင်းရင်းဆေး ဆရာ တစ်နှစ်သင်တန်းနှင့် အခြေခံသင်တန်းများလည်း ဖွင့်လှစ်ပြီး တိုင်းရင်းဆေးပညာ အဆင့်အတန်းမြင့်မားရေး ဆောင်ရွက်လျက်ရှိကြောင်း။

ဆေးဝါးထုတ်လုပ်မှုနှင့် ပတ်သက်၍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုအား အမှန်တကယ်အကျိုးရှိမည့် ဆေးဝါးဖြစ်၊ မဖြစ် စနစ်တကျစိစစ်ကာ ခိုင်လုံမှုရှိမှသာ မှတ်ပုံတင်ခွင့်ပြုပြီး အစွမ်းထက်သည့် ဆေးကောင်းများ လူထုလက်အတွင်း ဖြန့်ဖြူးရောင်းချစေကြောင်း" ပြောကြားသည်။

### တန်ဖိုးမဖြတ်နိုင်

ထို့နောက် တိုင်းရင်းဆေးဆရာများအသင်းဗဟိုမှ ဆရာဦးလှမြင့်(ကေသီပန်)ကို မေးမြန်းရာတွင် "တိုင်းရင်းဆေး



**မိမိတို့ တတ်မြောက်ထားသည့် ဆေးပညာစွမ်းဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် အပြည့်အဝ ပါဝင်ကူညီသွားမည်။**

ဦးဖြေ (ဒေဝယက္ခ)
ဓာတ်ပုံမှတ်တမ်း–
သိန်းဝင်းလေး
(မြန်မာ့အလင်း)

သမားတော်များညီလာခံတွင် ဆေးဆရာများ တစ်ဦးနှင့်တစ်ဦး သိကျွမ်းမှုရှိပြီး ရင်းနှီးပွင့်လင်းစွာ အတွေ့အကြုံ ဗဟုသုတများ ဖလှယ်ခွင့်ရ၍ အကျိုးကျေးဇူးများ တိုးပွားရရှိကြောင်း၊ ညီလာခံတွင် စာတမ်းရှင်များ၏ ဆွေးနွေးတင်ပြမှုအပေါ် သမားတော်ကြီးများက ပြန်လည်ဆွေးနွေး အကြံပြုမှုများသည်လည်း တိုင်းရင်း ဆေးလောကအတွက် အင်မတန်မှ တန်ဖိုးမဖြတ်နိုင်သည့် အကျိုးရလဒ်များပင်ဖြစ်ကြောင်း" ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းဆေးသမားတော်များညီလာခံ ကိုယ်စားလှယ်ဆရာ ဦးဝင်းမောင်(အောင်တမန်)အား မေးမြန်းရာတွင် "မိမိတတ်မြောက်ထားသော ဆေးပညာဖြင့် ပြည်သူ့ကျန်းမာရေး ပြုစုကုသပေးလျက်ရှိကြောင်း၊ အခိုးပွင့် ကွမ်းရွက်ဆေးဖြင့် အစပြု၍ တိုင်းရင်းဆေး လောကထဲသို့ ဝင်ရောက်ပြီး ပေါက်မြောက်အောင် ဖြန့်ဖြူးနိုင်ခဲ့၍ လူသိများလာခြင်းဖြစ်



**နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှု တိုင်းရင်းဆေးဆရာများ စုစည်းကြိုးပမ်း အားထုတ်မှုဖြင့် တိုင်းရင်းဆေးပညာ ထွန်းကား ပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ။**

ဦးသိန်းဟန်ဦး(ဒုတိယညွှန်ကြားရေးမှူး)
တိုင်းရင်းဆေးပညာဦးစီးဌာန
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး
(မြန်မာ့အလင်း)

ကြောင်း၊ တိုင်းရင်းဆေး၏ အစွမ်းထက်မြက်မှုအားကို တစ်နိုင်ငံလုံး အာရုံစိုက်လာအောင် ကူညီပေးသည့် နိုင်ငံတော်၏စေတနာကို တိုင်းရင်းဆေးဆရာများ နားလည်သိရှိပြီး ဂုဏ်ယူမဆုံးဖြစ်မိကြောင်း၊ ယခုအခါတိုင်းရင်းဆေးပညာဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုကို ထိရောက်ကုသနိုင်သည့်အဆင့်အထိ ရောက်ရှိခဲ့ကြောင်း" ပြောကြားသည်။

### စံချိန်စံညွှန်းမီ

ဆက်လက်၍ တိုင်းရင်းဆေး ထုတ်လုပ်သူ ဦးထွန်းရွှေ(ထွန်းရွှေဝါ)အား တွေ့ဆုံမေးမြန်းဖြစ်ရာတွင် "ထွန်းရွှေဝါဆေးတိုက်မှ ဆေးဝါး ၁၈ မျိုးထုတ်လုပ်ကြောင်း၊ အစွမ်းထက်သည့် မြန်မာ့တိုင်းရင်းဆေးများကို မိရိုးဖလာ ဘိုးစဉ်ဘောင်ဆက် သန့်ရှင်းလတ်ဆတ်သော ဆေးဖက်ဝင် ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ပြီး အလေးချိန်၊ အချိုးအစား မှန်ကန်စွာ စံချိန်စံညွှန်းမီ ထုတ်လုပ်ထားကြောင်း" ပြောကြားသည်။

မြန်မာ့အလင်းအဖွဲ့သည်ဦးသာရင်ဆေးတိုက်မှ ဒေါ်လေးမြင့်အား တွေ့ဆုံမေးမြန်းဖြစ်ရာတွင် "ညီလာခံတွင် တိုင်းရင်းဆေး လောကသားအားလုံး စည်းစည်းလုံးလုံးဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးမှုများသည် တိုင်းရင်းဆေးပညာများကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အလားအလာကောင်းတစ်ရပ်ပင်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးဆရာများနှင့် ဆေးထုတ်လုပ်သူများ၏ ပေါင်းစည်းဆောင်ရွက်မှုကြောင့် ပြည်သူ့ရှေ့မှောက်တွင် ဆေးဝါးအမယ်သစ်များ တိုးပွားလာသလို အာနိသင် ထက်မြက်သည့်ဆေးစွမ်းကောင်းများ ပေါ်ထွန်းလာ၍ ပြည်သူ့အတွက် ကျန်းမာရေး စောင့်ရှောက်မှု အားတက်စရာတစ်ခုအဖြစ် တွေ့မြင်နေရပြီ ဖြစ်ကြောင်း" ပြောကြားသည်။

ယခုအခါတွင် မြန်မာ့တိုင်းရင်းဆေးပညာကို နိုင်ငံတော်က အားပေးကူညီမှု၊ ဆေးပညာရှင်များ၏ ကြိုးပမ်းစွမ်းဆောင်မှုနှင့် တိုင်းရင်းဆေးအပေါ် ပြည်သူများ ယုံကြည်ကိုးစားမှုကြောင့် တိုင်းရင်းဆေးပညာ အဆင့်အတန်း ပြန်လည်မြင့်မားလာလျက်ရှိသည်။

### ဖွံ့ဖြိုးတိုးတက်မှု

ထို့ကြောင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို နှစ်စဉ်ကျင်းပနိုင်ခြင်း၊ တိုင်းရင်းဆေးပညာ ဒီပလိုမာသင်တန်းနှင့် ဆရာဖြစ်သင်တန်းများ တိုးချဲ့ပို့ချခြင်းနှင့် ပြည်နယ်၊ တိုင်းအသီးသီး၌ ဆေးရုံနှင့် ဆေးကုသခန်းများ ဖွင့်လှစ်ခြင်းတို့သည် တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များပင်ဖြစ်ကြောင်း မျက်ဝါးထင်ထင်မြင်တွေ့နေပြီဖြစ်ပေသည်။ ။

**(မြန်မာ့အလင်း)**



**စိန်ဘယက်တိုင်းရင်းဆေးများကို တိုင်းရင်းဆေးဝါးဥပဒေနှင့်အညီ ခေတ်မီနည်းပညာစနစ်အခြေပြု ထုတ်လုပ်ထားသည့်အတွက် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု။**

ဦးကြည်လင်း(စိန်ဘယက်)
ဓာတ်ပုံမှတ်တမ်း–
သိန်းဝင်းလေး
(မြန်မာ့အလင်း)

# ကမ္ဘာတစ်လွှား အားကစား

## ကမ္ဘာ့အကြီးဆုံး ဘောလုံးအသင်းကြီးအဖြစ် ချယ်လ်ဆီးအသင်းဖြစ်ရေး စနစ်တကျပြင်ဆင်ထား

ရေးသားတင်ပြသူ–မြင့်မောင်စိုး

**လန်ဒန် နိုဝင်ဘာ ၂၅**

ချယ်လ်ဆီးအသင်းသည် ကမ္ဘာ့အကြီးဆုံး ဘောလုံးအသင်းအဖြစ် မန်ယူကိုကျော်တက်၍ ရယူရန် ကြိုတင်စီမံပြင်ဆင်ထားပြီဖြစ်ကြောင်း စတန်းဖို့ဒ်ဘရစ်မှမထွက်ခွာမီ အပြာရောင်ချယ်လ်ဆီးအမှုဆောင်အရာရှိ ပီတာကင်ယွန်က ပြောကြားလိုက်သည်။

မိမိတို့ ချယ်လ်ဆီးအသင်းအား ၂၀၁၄ခုနှစ်အထိ နိုင်ငံတကာက ကမ္ဘာ့နံပါတ်တစ်အသင်းအဖြစ် သတ်မှတ်ခြင်းကို လိုလားကြောင်းလည်း ၎င်းက ပြောကြားလိုက်သည်။

သို့ရာတွင် ချယ်လ်ဆီးအသင်းသည် နည်းပြမော်ရင်ဟိုကျောခိုင်းထွက်ခွာသွားလျှင် ပြိုကွဲသွားနိုင်ကြောင်း၊ မော်ရင်ဟိုသည် စံထားရလောက်သည့် နည်းပြတစ်ဦးဖြစ်ကြောင်း ပီတာကင်ယွန်က ပြောကြားသည်။



မန်ယူနှင့်ချယ်လ်ဆီး အသင်း အမှတ်တံဆိပ်။
(ဓာတ်ပုံ–အင်တာနက်)

မန်ချက်စတာယူနိုက်တက်အသင်းသည် ရမှတ်သုံးမှတ်အသာဖြင့် ချန်ပီယံ ချယ်လ်ဆီးအသင်းကို အိမ်ကွင်း၌ (ယနေ့)လက်ခံကစားမည်ဖြစ်ရာ မန်ယူတို့ ယမန်နှစ်ကထက် တိုးတက်လာပြီဖြစ်ကြောင်း၊ အပြာရောင် ချယ်လ်ဆီးတို့ကို ကျော်တက်ခွင့်ပေးလိမ့်မည်မဟုတ်ကြောင်း မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုက ပြောကြားလိုက်သည်။

အကယ်၍သာ အိုးထရက်ဖို့ဒ်၌ မန်ယူတို့ ချန်ပီယံချယ်လ်ဆီးအသင်းကို အနိုင်ရခဲ့လျှင် အမှတ်ပေးဇယားတွင် ခြောက်မှတ်အသာဖြင့် မန်ယူက ချယ်လ်ဆီးကို ဖြတ်ထားနိုင်လိမ့်မည်ဖြစ်သည်။ **(အင်တာနက်)**

## ချယ်လ်ဆီးနောက်တန်းမှ ဝိန်းဘရစ် အသင်းနှင့် နောက်ထပ်လေးနှစ် စာချုပ်



ချယ်လ်ဆီး နောက်တန်းကစားသမား ဝိန်းဘရစ်။
(ဓာတ်ပုံ–အင်တာနက်)

**လန်ဒန် နိုဝင်ဘာ ၂၅**

ချယ်လ်ဆီး နောက်တန်းကစားသမား ဝိန်းဘရစ်သည် ချယ်လ်ဆီးအသင်းနှင့် နောက်ထပ်လေးနှစ်စာချုပ် သက်တမ်းတိုး ချုပ်ဆိုလိုက်သည်။

**ပုံမှန်နေရာ**

အသက် ၂၆နှစ်ရှိ အဆိုပါ ချယ်လ်ဆီး နောက်တန်း ကစားသမားသည် အက်ရှ်လေကိုးလ်အား စာချုပ်မခေါ်ယူမီ ပုံမှန်နေရာမရ ဖြစ်နေ၍ အခြားအသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန် အဆက်အသွယ်များ ပြုလုပ်ခဲ့သည်။

**အာမခံချက်**

သို့သော်လည်း ယခုနှစ်ရာသီတွင် ပွဲစဉ်ခုနစ်ပွဲ၌ ခြေစွမ်းပြကစားနိုင်မှုကြောင့် ချယ်လ်ဆီးက ၎င်း၏ အနာဂတ်အတွက် အခိုင်အမာ အာမခံ ချက်ပေးလိုက်သည်။

"မိမိသည်ယခုနှစ်ရာသီတွင် ပို၍ကောင်းအောင် ကစားပြနိုင်ခဲ့သည်ဟု ထင်မိကြောင်း၊ ဆက်လက်၍လည်း အခွင့်အလမ်းများရရှိအောင် ကစားပြသွားမည်ဖြစ်ကြောင်း" ဝိန်းဘရစ်က ပြောကြားသည်။

ဘရစ်သည် ၂၀၀၃ခုနှစ်က ဆောက်သမ်ပတန်အသင်းမှချယ်လ်ဆီးသို့ ရောက်ရှိလာသူဖြစ်သည်။ ၎င်းနှင့် ချယ်လ်ဆီး လက်ရှိစာချုပ်မှာ ၁၈လကျန်ရှိနေသေးသည်ဟုဆိုသည်။ **(အင်တာနက်)**

## ရိုက်ချက်များ ပိုရိုက်ခဲ့သည့် မီရှယ်ဝီ အမျိုးသားများကို ယှဉ်နိုင်ရန်လိုသေး

တိုကျို နိုဝင်ဘာ ၂၅

**အမျိုးသမီးဂေါက်သီးလောကမှ နာမည်ကြီးမီရှယ်ဝီသည် ဂျပန်နိုင်ငံ၌ကျင်းပသော ကက်စီယိုဝါး အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမျိုးသားများနှင့်အတူ ရင်ပေါင်တန်းယှဉ်ပြိုင် ကစားခဲ့ရာ ၁၁ကြိမ်မြောက် ဆုဖလားနှင့် လွဲခဲ့ရပြန်ပြီဖြစ်သည်။**

အမေရိကန်သူ မီရှယ်ဝီသည် အမျိုးသားများပါဝင်သည့် ယင်းပြိုင်ပွဲတွင် ပထမနေ့က ၈၁ ချက်ရိုက်ပြီး ဒုတိယနေ့တွင် အချက် ၈၀ ရိုက်ခဲ့သည်။

အသက် ၁၇နှစ်ရှိ မီရှယ်ဝီသည် သတ်မှတ်ရိုက်ချက်ထက် ရိုက်ချက်များပိုရိုက်မိ၍ ဆုနှင့်ဝေးခဲ့ရပြီဖြစ်သည်။

မိမိသည် ပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်မစွဲနိုင်သော်လည်း အမျိုးသားများနှင့်အတူ ကစားခြင်းဖြင့် ကစားနည်းသင်ခန်းစာ အများအပြားရရှိကြောင်း၊ ယင်းသင်ခန်းစာများမှတစ်ဆင့် ယခုထက် ပို၍ပို၍ ကောင်းအောင် ကစားလာနိုင်မည်ဖြစ်ကြောင်း မီရှယ်ဝီက ပြောကြားသည်။



မီရှယ်ဝီ၏ ဟန်ပါပါ ဂေါက်သီးကစားဟန်။
(ဓာတ်ပုံ–အင်တာနက်)

သူမသည် ဇန်နဝါရီလတွင် ကျင်းပမည့် ဆိုနီအိုးပင်းတွင်လည်း ပါဝင်ကစားရန်စီစဉ်ထားကြောင်း သိရသည်။ **(အင်တာနက်)**

## ဘွန်ဒက်စ်လီဂါ ဘောလုံးပွဲစဉ်(၁၄) ဆက်လက်ယှဉ်ပြိုင် ရှော်လ်ကေးက ဘိုချန်ကိုအနိုင်ရပြီး အမှတ်ပေးဇယား၌ ဦးဆောင်

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

ဘာလင် နိုဝင်ဘာ ၂၅

**ဂျာမန်ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၄)ကို နိုဝင်ဘာ ၂၄ရက်၌ စတင်ကစားရာ ရှော်လ်ကေးနှင့် ဘိုချန်တို့ပွဲတွင် ရှော်လ်ကေးက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဘွန်ဒက်စ်လီဂါ အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်မြဲ ဦးဆောင်နေလျက်ရှိသည်။**



ရှော်လ်ကေးအသင်းမှ လင်ကွန်း(ယာ)နှင့် ဘိုချန်အသင်းခေါင်းဆောင် သောမတ်စ်တို့ ဤသို့ ဘောလုံးယှဉ်ပြိုင်လုခဲ့ကြသည်။
(ဓာတ်ပုံ–အင်တာနက်)

တန်းဆင်းဇုန်အတွင်း ရောက်နေသော ဘိုချန်အသင်းကို ရှော်လ်ကေးတို့နိုင်ပွဲရအောင် ကြိုးစားကစားခဲ့သည်။ ရှော်လ်ကေးသည် အိမ်ကွင်းရှုံးပွဲမရှိသေးသည့် အသင်းဖြစ်ပြီး ယခုနှစ် ဘွန်ဒက်စ်လီဂါ၌ ခြေအမှန်ဆုံး အသင်းလည်း ဖြစ်သည်။

ရှော်လ်ကေးသည် အိမ်ကွင်း၌ ၄– ၃–၃ ပုံစံဖြင့် ခင်းကျင်းပြီး တိုက်စစ်တွင် ပီတာလိုဗင်ကရင့်စ်၊ ကီဗင်ကူရန်ယီနှင့် အယ်တင်တော့တို့ကို ထားကာ တိုက်စစ်ဖွင့်ကစားခဲ့ရာ ဂိုးသွင်းခွင့် ၁၉ ကြိမ် ရရှိခဲ့သည်။ အပိုင်ဂိုးသွင်းခွင့် အခွင့်အရေးကိုးကြိမ်ရရှိခဲ့သော်လည်း နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရှော်လ်ကေး အတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၉မိနစ်တွင် နောက်ခံလူ ဖာရီရာဆူဇာက တစ်ဂိုး၊ ပွဲချိန် ၂၇ မိနစ်တွင် တိုက်စစ်မှူး ပီတာလိုဗင်ကရင့်စ်ကတစ်ဂိုး သွင်းယူပေးခဲ့သဖြင့် နှစ်ဂိုးအသာဖြင့် ပထမပိုင်း ဦးဆောင်နေနိုင်ခဲ့သည်။

ဘိုချန်အတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန်၄၉မိနစ်တွင် တိုက်စစ်မှူး ဂေကက်စ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ရှော်လ်ကေးတို့ အနိုင်ဂိုးများ ဆက်တိုက်သွင်းယူနိုင်ရေးအတွက် ဘိုချန်ဘက်သို့ ဖိကစားရာ ဘိုချန်ခံစစ်မှူးများ အဖျက်ကြမ်းမှုကြောင့် ပွဲချိန် ၆၆မိနစ်တွင် ဘိုချန်ခံစစ်မှူး ဘတ်ချာ အနီကတ်ပြ အထုတ်ခံရပြီး ပယ်နယ်တီပြစ်ဒဏ်ဘော အပေးခံရရာ ယင်းပယ်နယ်တီကို ရှော်လ်ကေး ကွင်းလယ်ကစားသမား လီဗင်ကိုဗီစဗီလီက ကန်သွင်းသော်လည်း မဝင်ခဲ့သဖြင့် ရှော်လ်ကေးတို့ နှစ်ဂိုး–တစ်ဂိုးဖြင့် ကျေနပ်ခဲ့ရသည်။ ရှော်လ်ကေးတို့ ယခုပွဲအနိုင်ရရှိသဖြင့် အမှတ်ပေးဇယား ထိပ်ဆုံး၌ ဆက်လက်ရှိနေပြီး ဘိုချန်မှာ အမှတ်ပေးဇယား အဆင့် ၁၆ နေရာသို့ ရောက်ရှိနေသည်။ **(အင်တာနက်)**

## ရိုက်ဖီးလစ်အားခေါ်ယူရန် ဝက်စ်ဟမ်းချဉ်းကပ်နေ



ချယ်လ်ဆီးကွင်းလယ်ကစားသမား ရိုက်ဖီးလစ်။
(ဓာတ်ပုံ–အင်တာနက်)

**လန်ဒန် နိုဝင်ဘာ ၂၅**

ချယ်လ်ဆီးကွင်းလယ်ကစားသမား ရိုက်ဖီးလစ်သည် ချယ်လ်ဆီးတွင် ပုံမှန်ကစားခွင့်မရရှိဘဲဖြစ်နေရာ အသင်းပြောင်းရွှေ့ရန် သတင်းများထွက်ပေါ်နေသဖြင့် ဝက်စ်ဟမ်းအသင်းက ပေါင်၁၀သန်းဖြင့် ကမ်းလှမ်းနေကြောင်း ဝက်စ်ဟမ်းကလပ်က ပြောကြားသည်။

**စိတ်ဝင်စား**

ထိုသို့ ဝက်စ်ဟမ်းကလပ်က ရိုက်ဖီးလစ်အား ချဉ်းကပ်ခေါ်ယူနေမှုကို "ကျွန်တော်တို့ကို ဝက်စ်ဟမ်းက တရားဝင်တောင်းဆိုနေတာပါ။ ရိုက်ဖီးလစ်ကို သူတို့စိတ်ဝင်စားကြောင်း ပြောထားပါတယ်"ဟု ချယ်လ်ဆီးကလပ် အုပ်ချုပ်ရေး အကြီးအကဲ ပီတာကင်ယွန်က ပြောကြားသည်။

**စဉ်းစားမည်**

ထို့အပြင် "ကျွန်တော်တို့ ဘောလုံးသမားတွေရောင်းဖို့ လောလောဆယ် အစီအစဉ်မရှိပါဘူး၊ ဒါပေမယ့် ဈေးကောင်းကောင်းပေးမယ်ဆိုရင်တော့ စဉ်းစားရမယ်"ဟုလည်း ပီတာကင်ယွန်က ပြောကြားသည်။

ချယ်လ်ဆီးသည် အသက်၂၅နှစ်အရွယ် ရိုက်ဖီးလစ်အား မန်စီးတီးအသင်းမှ ပေါင်ငွေ ၂၁သန်းဖြင့် ၂၀၀၅ ခုနှစ် ဇူလိုင်လက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

## အင်္ဂလိပ်လိဂ် ဘောလုံးပွဲစဉ် ဝုလ်ဗတ်နှင့် ဆန်းဒါးလန်း သရေပွဲဖြစ်

**ဆစ်ဒနီ နိုဝင်ဘာ ၂၅**

အင်္ဂလိပ်လိဂ် ဘောလုံးပွဲစဉ်များကို နိုဝင်ဘာ ၂၄ ရက်က ဆက်လက်ကစားရာ ဝုလ်ဗတ်နှင့် ဆန်းဒါးလန်းတို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့သည်။

မန်ယူ အသင်းခေါင်းဆောင်ဟောင်း ရွိုင်ကိန်းနည်းပြအဖြစ် တာဝန်ယူနေသော ဆန်းဒါးလန်းအသင်းသည် အဝေးကွင်း၌ ဝုလ်ဗတ်ကို ခက်ခက်ခဲခဲကစားရပြီး သရေပွဲဖြစ်အောင် ကြိုးစားခဲ့ရသည်။

**ချေပဂိုး**

ဝုလ်ဗတ်အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၄၃ မိနစ်၌ ဝုလ်ဗတ် ကွင်းလယ်ကစားသမား ဂျွန်ဆင်က သွင်းယူပေးခဲ့ပြီး ဆန်းဒါးလန်းအတွက် ချေပဂိုးကို ပွဲချိန်မိနစ်၈၀တွင် စတီဖင်အီလ်လော့တ်က သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

ပွဲအပြီး ဆန်းဒါးလန်းနည်းပြ ရွိုင်ကိန်းက "ကျွန်တော့် ကစားသမားတွေ အတော်ကြိုးစား ကစားခဲ့ရတယ်၊ ဒီပွဲရလဒ်ကို ကျွန်တော် ကျေနပ်ပါတယ်၊ နည်းပြအဖြစ် အများကြီး ကြိုးစားရဦးမှာပါ"ဟု ပြောကြားသည်။ **(အင်တာနက်)**

## စွမ်းဆောင်ရည် မြှင့်မားရေးသင်တန်း မူဆယ်၌ဖွင့် ပို့ချမည့်ဘာသာရပ်နှင့် သင်တန်းစည်းကမ်းများရှင်းလင်း

**မူဆယ် နိုဝင်ဘာ ၁၂**

မူဆယ်ခရိုင် မူဆယ်မြို့နယ် ရပ်ကွက်နှင့်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၆ ရက်နံနက်က ဆင်းရွှေလီခန်းမ၌ ကျင်းပရာ ရှေးဦးစွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ဟန်က သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များနှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

**ကြာမြင့်မည်**

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုမှ သင်တန်းသား ၇၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)





## မြို့နယ်သတင်းများ



**မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပတ္တမြားသီဂီလမ်း ကတ္တရာ လမ်းခင်းဆောင်ရွက်မှုကို နိုဝင်ဘာ ၈ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးထင်လင်းကျော်တို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## မဟာမုနိရုပ်ရှင်တော်ဘုရားကြီး အဝင်မုခ်ဦးလမ်းပြုပြင် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတိုးချဲ့တူးဖော်

မန္တလေး နိုဝင်ဘာ ၁၀

**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် နိုဝင်ဘာ ၃ရက် ညနေ ၃နာရီက ချမ်းမြသာစည်မြို့နယ် မန္တလေး–ရန်ကုန်လမ်းမကြီးနှင့် ရှမ်းစုဘုတာအကြား မဟာမုနိရုပ်ရှင်တော်ဘုရားကြီး အဝင်မုခ်ဦး လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် လမ်းဘေးဝဲယာရှိရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေး အတွက် ရေနုတ်မြောင်းတိုးချဲ့ တူးဖော်ဆောင်ရွက်နေမှုလုပ်ငန်းများ၊ မန္တလေး–ပြင်ဦးလွင်လမ်း အောင်ပင်လယ်မှ မိုင်တိုင်အမှတ် ၇/၅အထိ စက်ယန္တရားကြီးများဖြင့် လမ်းပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်နေမှုလုပ်ငန်းများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။**

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဉယျာဉ်ရပ်ကွက်သို့ရောက်ရှိပြီး မန္တလေး–ရန်ကုန်လမ်းမကြီးနှင့် ရှမ်းစုဘူတာအကြား မဟာမုနိရုပ်ရှင်တော်မြတ်ဘုရားကြီး အရှေ့မုခ်ဦးအဝင်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ရှမ်းစုဘူတာဝန်းကျင်ရှိ ရေနုတ် မြောင်းများ ရေစီးဆင်းမှုကောင်းမွန်စေရေးအတွက် အကျယ်လေးပေ၊ အနက်သုံးပေ၊ အရှည်ပေ ၁၀၄၀ ရှိ ရေနုတ်မြောင်းသစ် တိုးချဲ့တူးဖော်ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီးလမ်းတံတား ဌာန ဌာနမှူးနှင့်တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေး–ပြင်ဦးလွင်လမ်း အောင်ပင်လယ် သိပ္ပံလမ်းအတိုင်း ပတ်လမ်းဆုံမှ သမ္မတာကျေးရွာ မိုင်တိုင် အမှတ် ၇/၅အထိ စက်ယန္တရားကြီးဖြင့် လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု**(အပေါ်ပုံ)**နှင့် လမ်းလယ်ကျွန်းများပေါ်ရှိ အရိပ်ရပင်များ ရှင်သန်ဖြစ်ထွန်းမှုအခြေအနေများကိုလိုက်လံ ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(၁၁၃)**

## စုပေါင်းဘုံကထိန်ပွဲ လင်းခေးမြို့နယ်၌ကျင်းပ

လင်းခေး နိုဝင်ဘာ ၁၀

**လင်းခေးမြို့နယ် သံဃနာယက အဖွဲ့က ကြီးမှူး၍ (၂၉)ကြိမ်မြောက် စုပေါင်းဘုံကထိန်ဥတ်သင်္ကန်းနှင့် တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီကကျင်းပရာ မြို့လယ်မဟာမြတ်မုနိကျောင်းတော်ရှေ့မှစတင်၍ စုပေါင်းပဒေသာပင်များ လှည့်လည်ကြသည်။**

အဆိုပါ ပဒေသာပင်များစုပေါင်း လှည့်လည်ရာတွင် နယ်မြေခံတပ်နယ်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်ကျေးရွာပြည်သူတို့၏ ပဒေသာပင် ၄၄ ပင် တန်ဖိုးငွေကျပ် စုစုပေါင်း ၃၅ သိန်းကျော်ဖိုးကို လှူဒါန်းကြသည်။

ထို့နောက် ပဒေသာပင်များ အပူဇော်ခံထားရှိရာ နွယ်ဝတီခန်းမ၌ ကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ ရက်က ကျင်းပရာ ပင့်သံဃာတော်များနှင့် ပရိသတ်တို့က နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ကျင်းပသည်။

ဆက်လက်ပြီး မြို့နယ်သံဃနာယကက ဆရာတော်ထံသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းက ကထိန်နှင့် ဥတ်သင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းပြီး ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ကျောင်း ၃၃ ကျောင်းရှိ ဆရာတော်သံဃာတော် အပါး ၁၂၀အား ပဒေသာပင်များကို မဲနှိုက်စနစ်ဖြင့် အလှည့်ကျ အလှူရှင်များဖြစ်သော နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မြင့်ဝေ၏ဇနီး ဒေါ်ခင်ယုလှိုင်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်း၏ဇနီး ဒေါ်သန်းသန်းအေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များနှင့် မြို့မိမြို့ဖ အလှူရှင်တို့က မိမိတို့ပဒေသာပင်နှင့် ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

**နေ့ဆွမ်းဆက်ကပ်**

ဆက်လက်ပြီး ဆရာတော် ဦးကောသလထံမှ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း အကျိုးတရားကို နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်ချအမျှပေးဝေကြပြီး မြို့နယ်ပရိယတ္တိစာသင်တိုက်၌ ဆရာတော်သံဃာတော်အပါး ၁၂၀ တို့အားနေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(ခရိုင်ပြန်/ဆက်)**



### ကျောက်များစုဆောင်း

**ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ကံသာကြီး– ကျောင်းတော်ရာကျေးလက်အမာခံကျောက်ချောလမ်းအတွက် ကျောက်များ စုဆောင်းထားရှိမှုနှင့် လမ်းလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို နိုဝင်ဘာ ၅ရက်က အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးမိုးကျော်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



**မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့လယ်ပတ္တမြားလမ်းဆုံ၌ ပန်းခုံအလှ ပြုလုပ်ခြင်းကို အောက်တိုဘာ ၁၀ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော် ငြိမ်နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်တို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးဆွေနှင့် အင်ဂျင်နီယာမှူးဦးမျိုးဝင်းတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း စုပေါင်း မြေတောင်မြှောက်

**ဒီမောဆို နိုဝင်ဘာ ၁၀**

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်သော လမ်းဘေးဝဲယာ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း မြေတောင်မြှောက်ဆောင်ရွက်မှုကို နိုဝင်ဘာ ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဒေဖဲ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(နယ်စပ်/စည်ပင်)**

**မတ္တရာမြို့ အထက်တန်းကျောင်း၊ ပြည်သူ့ဆေးရုံရှေ့နှင့် ဇေယျာသနအုတ်တိုက်ရှေ့ရှိ ယခင်နှစ်စိုက်ပျိုးထားသော စက္ကူပန်းပင် ၆၀ ကို အဖွဲ့ဝန်ထမ်းများ ပန်းခုံများပြုလုပ်ရာသို့ အောက်တိုဘာ ၂၉ ရက်က အမှုဆောင်အရာရှိ ဦးအောင်ဇံနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မန်းဒေတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



# ကျောင်းကုန်း အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲနှင့် ပညာရေးစေတနာရှင် ဂါရဝပြုပွဲကျင်းပ

ကျောင်းကုန်း နိုဝင်ဘာ ၁၈

**ကျောင်းကုန်းမြို့နယ် အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၇) ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရေးစေတနာရှင် ဂါဒီယန်ဦးစိန်ဝင်းအား ဂါရဝပြုပူဇော်ပွဲကို နိုဝင်ဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါ ကျောင်းခန်းမတွင်ကျင်းပရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီး ၆၉ ဦးအား ကျောင်းသား၊ ကျောင်းသူဟောင်းများက လှူဖွယ်ပစ္စည်းများနှင့် ငွေများလှူဒါန်းကြသည်။** (အောက်ပုံ)

ထို့နောက် ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဦးထွန်း၊ ဦးဘစိ၊ ဦးကျော်စိန်နှင့် ဒေါ်မြသီတို့က မေတ္တာဩဝါဒစကားမြွက်ကြား၍ ဆုများပေးကြသည်။

**ရှင်းလင်း**

ဆက်လက်၍ ပူဇော်ပွဲနှင့်ပတ်သက်၍ ကျင်းပရေးကော်မတီ၏ တင်ပြချက်ကို ကော်မတီဥက္ကဋ္ဌ ဦးသာရွှေနှင့် ကော်မတီဝင် ဦးမောင်ဝင်း (ရန်ကုန်မြို့)တို့ကလည်းကောင်း၊ ရသုံးမှန်းခြေ ငွေစာရင်းရှင်းလင်းခြင်းနှင့် ထာဝရ ငွေပဒေသာပင် ၁၇ သိန်း စိုက်ထူခြင်းနှင့်ပတ်သက်၍ ဘဏ္ဍာရေးမှူး ဦးသန်းမြင့်ကလည်းကောင်းရှင်းလင်းတင်ပြကြသည်။

**ဂါရဝပြု**

ထို့နောက် ကျောင်းသား၊ကျောင်းသူဟောင်းများက အာစရိယပူဇော်ပွဲနှင့် ဂါဒီယန်ဦးစိန်ဝင်းအား ဂါရဝပြုပူဇော်ပွဲကို ကျင်းပကြသည်။

(၂၆၅)

## ရဟန်းတော်များ သီးသန့်တရားစခန်းဖွင့်မည်

**ဝမ်းတွင်း နိုဝင်ဘာ ၂၅**

ဝမ်းတွင်းမြို့နယ် တမာကုန်းတောင်ကျောင်း ရဟန်းတော်များ သီးသန့် ၁၀ ရက် တရားစခန်းတွင် ကြို့ပင်ကောက်မြို့ ဇောဓိရိပ်သာကျောင်း ဦးစီးပဓာန နာယက မဟာစည် နာယက အဂ္ဂမဟာပဏ္ဍိတ မဟာဂန္ထဝါစက (ပြည်တွင်း၊ ပြည်ပ သာသနာပြု) ဘဒ္ဒန္တသောနက ဆရာတော်သည် ဒီဇင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိ ဟောကြား ပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသော သံဃာတော်များ ဒီဇင်ဘာ ၉ ရက် ညနေ ၃ နာရီအရောက် ကြွရောက်ပါရန်နှင့် ဖုန်း–၀၆၄–၅၀၀၈၅ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**





**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက် လုပ် ရန် အတွက် နှစ်ဖက်သော မိဘများနှင့် ဦးစိုးဝင်း (အုပ်ချုပ်မှုဒါရိုက်တာ မြန်မာအရှေ့တိုင်းဘဏ်)အား ရည်စူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိလမ်း အောင်သပြေရိပ်သာ အမှတ် (၁၇၁ဒီ) နေ ဒေါ်သင်းသင်းရီ မိသားစုက အလှူငွေကျပ် ၁၁၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)နှင့် အမှုဆောင်ဆရာတော် အရှင်ဝိနယ(ဝံသမေဒနီ) ထံသို့ ဆက်ကပ်လှူဒါန်းစဉ်။**

(က–ပ)

## ကြို့ပင်ကောက် အလယ်ကုန်းကျေးရွာ တိုက်နယ်ဆေးရုံအတွက် ဓာတ်မှန်နှင့် မီးစက်အပါအဝင် ငွေကျပ် ၁၂၁သိန်းလှူဒါန်း

**ကြို့ပင်ကောက် နိုဝင်ဘာ ၂၀**

ပဲခူးတိုင်း ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ် နာယကဆရာတော်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒာစာရ၏ ဩဝါဒကိုခံယူလျက် နိုဝင်ဘာ ၁၁ရက်က ရန်ကုန်မြို့ သီရိသုခမ္မသီရိ ဒေါ်သီတာဇော်မိသားစုတို့က ကြို့ပင်ကောက်မြို့နယ် အလယ်ကုန်းကျေးရွာ တိုက်နယ်ဆေးရုံအတွက် ဓာတ်မှန်နှင့် အဆောက်အအုံ တန်ဖိုးငွေကျပ် သိန်း ၉၀၊ မီးစက်နှင့် အဆောက်အအုံတန်ဖိုး ငွေကျပ် ၂၁ သိန်းနှင့် ဆေးရုံပြင်ဆင်မွမ်းမံခြင်း တန်ဖိုးငွေကျပ်၁၀သိန်းအပါအဝင် စုစုပေါင်း ငွေကျပ် ၁၂၁သိန်းကို မူလအလှူရှင် ဖခင် ဦးဇော်ညွန့်– မိခင် ဒေါ်ထူးတို့ကိုရည်စူး၍ ရေစက်ချ လှူဒါန်းသည်။

**ထပ်မံလှူဒါန်း**

ထို့အပြင် မြို့ပေါ်ရှိ သံဃာတော်များနှင့် သီလရှင် စုစုပေါင်း အပါး ၄၅၀ တို့အား အရဏ်ဆွမ်းနှင့် နဝကမ္မဝတ္ထုငွေများ လှူဒါန်းခြင်းတို့ကို လည်းကောင်း၊ ထူးဆန်စက်ဝန်ထမ်းများ ဆန်လှူဒါန်းခြင်း တို့ကိုလည်းကောင်း၊ မြို့သူမြို့သား ၂၀၀၀ကျော်အား ထမင်းကျွေး လှူဒါန်းခြင်းကိုလည်းကောင်း ပြုလုပ်ခဲ့ရာ စုစုပေါင်းငွေကျပ် ၂၇သိန်းကျော် ထပ်မံလှူဒါန်းခဲ့ကြောင်း သိရသည်။ **(၀၄၀)**

**ဒေါက်တာသန်းထွန်းအား ရည်စူး၍ အမှတ် ၁၁၇/၁၂၇ အခန်း (ဂျီ/၅) ၃၃ လမ်း(အလယ်) ကျောက်တံတားမြို့နယ်နေ တပည့် ဦးခင်မောင်ကြီးက ဗဟန်းမြို့နယ် ဓီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ် ၃၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။**

(က–ပ)



## ကျွန်းလှမြို့၌ သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

**ကျွန်းလှ နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ကျွန်းလှမြို့ ရွှေကျွန်းသာခန်းမရှေ့တွင် သန့်ရှင်းရေးလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးကျော်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်နိုင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

**(မြို့နယ် စည်ပင်)**

**မကွေးမြို့ မြို့ရှောင်လမ်းပေါ်တွင် ရေကာကျောက်ရိုး ဆောင်ရွက်နေမှု စနစ်တကျဖြစ်စေရေးအတွက် အောက်တိုဘာ ၂၀ ရက်က မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဒေါ်မြင့်ဝင်း ကြီးကြပ် ဆောင်ရွက်စဉ်။**

(မြို့နယ် စည်ပင်)



## အင်းတော်မြို့ မဈေး၌ အလေးချိန်ခွင်မှန်ကန်ရေး ကွင်းဆင်းဆောင်ရွက်

**အင်းတော် နိုဝင်ဘာ ၅**

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အောက်တိုဘာ ၂၅ရက်က အင်းတော်မြို့မဈေးအတွင်း အလေးချိန်ခွင်မှန်ကန်စွာရောင်းချရေး၊ အသားရောင်းဆိုင်များ သတ်မှတ်ဈေးနှုန်းဖြင့်ရောင်းချရေး၊စားသောက်ဆိုင်နှင့် အသားရောင်းဆိုင်များ ယင်လုံဆန်ခါဖြင့် စနစ်တကျ ဖုံးအုပ်ရောင်းချရေးနှင့် အိုင်အိုဒင်းဆားများ ရောင်းချရာတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှုကိုအဖွဲ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦး ကြပ်မတ်ပေးသည်။ **(မြို့နယ် စည်ပင်)**

## အမျိုးသားနေ့အခမ်းအနား သံဖြူဇရပ်၌ ကျင်းပ

**သံဖြူဇရပ် နိုဝင်ဘာ ၂၀**

၂၀၀၆ ခုနှစ် (၈၆) နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက် ၈ နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ သံဖြူဇရပ်မြို့ အထက(၁) ပညာ့ဗိမာန်ခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသားကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် သီဆို၍ စတင်ဖွင့်လှစ်ပြီး (၈၆)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်က ဖတ်ကြားသည်။

ထို့နောက်အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲတွင် ဆုရရှိသည့်ကျောင်းသား ကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင် **(ယာပုံ)**၊ အတွင်းရေးမှူး ဦးစိုးလှအောင်၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦး၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းတို့က ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းသားကျောင်းသူများက ဓာတ်မာန်သီချင်းဖြင့် သီဆိုဖျော်ဖြေကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ကျေးရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့် မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

**ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းဘေးဝဲယာများတွင် မြက်များရှည်မနေစေရေးနှင့် ချုံများ ရှိမနေစေရေးတို့အတွက် ဒုတိယဦးစီးမှူး(သန့်) ဦးကျော်ကျော်ခိုင် ခေါင်းဆောင်သော အဖွဲ့ဝန်ထမ်းများဖြင့် လေယာဉ်ကွင်းလမ်းတစ်လျှောက် လမ်းဘေးဝဲယာ မြက်နှင့် ချုံများ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို အောက်တိုဘာ ၂၀ ရက်က အမှုဆောင်အရာရှိ ဦးအောင်ကိုလတ် ကြပ်မတ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ် စည်ပင်)



# ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုမည့် ဝါရှောင်-ဆဒုံး-ကန်ပိုက်တီး လမ်းသစ်ဖောက်လုပ် ယခင်ကထက် အချိန်တိုတောင်းစွာ အလွယ်တကူသွားလာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၅**

ကချင်ပြည်နယ် ဆဒုံးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ၂၂ရက် နံနက်ဖြနာရီခွဲတွင် လုထောင်ကျေးရွာ-စကားပါကျေးရွာ-ဆဒုံးလမ်းဆုံသို့ရောက်ရှိပြီး လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စကားပါကျေးရွာရှိ စကားပါချောင်းပေါ်၌ တည်ဆောက်၍ ဆဒုံးမြို့သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသော တစ်လုံးလျှင် ကေဗွီ၂၀၀ ဖြင့် ရေအားလျှပ်စစ်စက်နှစ်လုံး တပ်ဆင်ထားသည့် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြ၍ ဖိအားမြှင့်ပိုက်လိုင်းနှင့် ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။





**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စကားပါကျေးရွာရှိ စပါးစိုက်ကွင်းများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❒

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ဝိုင်းမော်မြို့နယ် ဂူယံကျေးရွာ၌ စပါးရိတ်စက်ဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# ဒေသခံတိုင်းရင်းသားလူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကအားထားရသော မျိုးဆက်သစ်များပေါ်ထွန်းရေးပြုစုပျိုးထောင်

**နေပြည်တော် နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အတူ နိုဝင်ဘာ၂၃ရက် နံနက်ပိုင်းတွင် မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဘုရင့်နောင်ခန်းမ၌ မိုင်းဖြတ်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ မိုင်းဖြတ်ခရိုင်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့်က ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။ စာမျက်နှာ ၅ ကော်လံ ၁ ✡

| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
| --- | --- | --- |
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး |

# မြန်မာ့တိုင်းရင်းဆေးပညာ တစ်နိုင်ငံလုံး အာရုံစိုက်လာ နိုင်ငံတော်၏စေတနာကို ဆေးဆရာများနားလည်ဂုဏ်ယူ

**ရန်ကုန် နိုဝင်ဘာ ၂၅**

နိုင်ငံတော်အတွင်း ဖြန့်ကြက်လုပ်ကိုင်နေကြသော တိုင်းရင်းဆေးဆရာအပေါင်းတို့ စုဝေးကာ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်နိုင်ရေးရည်မှန်းပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ၂၀၀၀ပြည့်နှစ်မှ စတင်ကျင်းပခဲ့ရာ ယခုနှစ်ပါဆိုလျှင် သတ္တမအကြိမ်မြောက်ခဲ့ပေပြီ။

**ရည်ရွယ်ချက်**

သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို မြန်မာ့တိုင်းရင်းဆေး အဆင့်အတန်းမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးဆရာများ၏ဂုဏ်သိက္ခာမြင့်မားရေးဟူ၍ ရည်ရွယ်ချက်ထားရှိပြီး ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်ခန်းမ၌ နိုဝင်ဘာ၂၅ရက်မှ ၂၆ရက်အထိ ကျင်းပလျက်ရှိသည်။ စာမျက်နှာ ၁၂ ကော်လံ ၁ ■

သတင်းဆောင်းပါး — ဝင်းရွှေ

ဓာတ်ပုံမှတ်တမ်း — သိန်းဝင်းလေး(မြန်မာ့အလင်း)



**တိုင်းရင်းဆေးပြခန်းများ ကြည့်ရှုလေ့လာ**

သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဖွင့်ပွဲအပြီး၌ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများ၏ တိုင်းရင်းဆေးပြခန်းငယ်များတွင် ကြည့်ရှုလေ့လာသူများကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း—သိန်းဝင်းလေး(မြန်မာ့အလင်း)